ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 September 2022 ၁၀၈၆၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး တင်ဆက်ကပြ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး



### အများပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အခြေခံသည့် ဖျော်ဖြေရေး အစီအစဉ်များကို ဖော်ထုတ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အနုပညာရှင်များ ပူးပေါင်းပါဝင်၍ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေတင်ဆက်ထားသည့် **"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ"** ဆို ငို ပြော ဇာတ်တော်ကြီးကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ တင်ဆက်ကပြဖျော်ဖြေရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ကြည့်ရှုအားပေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး တင်ဆက်ကပြမှုကို ကြည့်ရှုအားပေးကြစဉ်။



**ယနေ့ဖတ်စရာ**

အနာဂတ်စားနပ်ရိက္ခာ လုံခြုံမှုလမ်းသစ်ဆီသို့ ... ဆောင်းပါး စာမျက်နှာ » ၆
ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့ ဆောင်းပါး စာမျက်နှာ » ၁၀
တောင်သူလယ်သမားများအတွက် ထိရောက်အကျိုးရှိစေသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA, Two Step Loan) ဆောင်းပါး စာမျက်နှာ » ၂၂

ကြေးမုံ

# နိုင်ငံ့စီးပွားမြင့်မားရေး အခြေခံစီးပွားရေးမြှင့်တင်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ နိုင်ငံ၏ လူဦးရေအများစုမှာ ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံလုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် လုပ်ငန်းအများစုနှင့် အိမ်တွင်းမှုစက်မှုလက်မှုလုပ်ငန်းများကို အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဟု ခေါ်ဆိုကြသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ယခင်က SME ဟုခေါ်ဆိုပြီး ယခုအခါ MSME ဟုခေါ်ဆိုသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် MSME လုပ်ငန်းများကို အဓိကအားပြုကြသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားသည် MSME ဖြစ်သည်။ ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME စီးပွားရေးလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်မျှပါဝင်လျက်ရှိသည်။ MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များအား စီးပွားရေးလုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိသဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် MSME စီးပွားရေးလုပ်ငန်းပေါင်း လေးသောင်းကျော်ရှိပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသော်လည်း ပြည်ပသွင်းကုန်အလားတူကုန်ပစ္စည်းများအား နှစ်စဉ်တင်သွင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းမှာ နည်းပညာ၊ အရည်အသွေးနှင့်ထုတ်လုပ်မှုကွာခြားနေသောကြောင့်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၂၂) အစည်းအဝေးတွင် " မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်အများစုမှာ အရည်အသွေးဆိုင်ရာ အားနည်းမှုများရှိခြင်းကြောင့် ဈေးကွက်တွင် ဈေးနှုန်းရရှိမှုနည်းပါးကြောင်း၊ အရည်အသွေးအားနည်းမှုများရှိခြင်းမှာ ကုန်ထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်းများ၊ နည်းပညာနှင့်လူသားအရင်းအမြစ်များ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ ထုတ်ကုန်များအရည်အသွေးမီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

MSME လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ လေ့လာတွေ့ရှိချက်အရ ပတ်ဝန်းကျင်ကောင်းများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိခြင်း၊ စွန့်ဦးတီထွင်လိုသူများအတွက် မဝံ့မရဲဖြစ်မှုများကို ဖြေလျှော့ပေးရန်လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး၊ စရိတ်ကြီးမြင့်သည့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ရိုးရာနည်းပညာများကို အသုံးပြုထုတ်လုပ်ခြင်း၊ သုတေသနပြုချက်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများတွင် အထောက်အပံ့အားနည်းခြင်း စသည်တို့ဖြစ်ပြီး အဆိုပါရလဒ်များကို အခြေခံ၍ ထုတ်ကုန်များကိုရောင်းတမ်းဝင်အဆင့်မြှင့်တင်နိုင်ရန်အတွက် ကန့်သတ်ချက်များနှင့် အဟန့်အတားများရှိနေသည်ဟု တွေ့ရှိထားသည်။ ထို့ကြောင့် အရည်အသွေးရှိသည့် ရောင်းကုန်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်။

MSME လုပ်ငန်းများအောင်မြင်စေရန် ထုတ်ကုန်များ ဈေးကွက်ရရှိရန်လည်း လိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းသာမက ပြည်ပသို့ပါ ဈေးကွက်ချဲ့ထွင်စီးဆင်းရန် သတင်းအချက်အလက်များကို ကျယ်ပြန့်စွာဖြန့်ဝေရန်လိုအပ်သည်။ ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့ရန်လည်းလိုအပ်သည်။ အဆိုပါကိစ္စရပ်များကို နိုင်ငံတော်က အချိန်ယူကာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် အစားအစာ၊ အဖျော်ယမကာများ၊ အထည်အလိပ်နှင့်အထည်ထုတ်ကုန်များ၊ သားရေထွက်ကုန်ပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့်ရုက္ခဗေဒဆိုင်ရာပစ္စည်းများ၊ ရော်ဘာနှင့်ပလတ်စတစ်ဆိုင်ရာပစ္စည်းများ၊ သတ္တုမဟုတ်သည့် ထွက်ကုန်ပစ္စည်းများ၊ အခြေခံသတ္တုပစ္စည်းများ၊ ပရိဘောဂ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ပထမဦးစားပေးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ဒေသအလိုက် ထွက်ရှိသည့်ကုန်ကြမ်းများကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုအတွက် စဉ်းစားဆောင်ရွက်ရန်၊ လူသားအရင်းအမြစ်ကိုအသုံးချပြီး နည်းပညာနှင့်အတတ်ပညာများပေါင်းစပ်ဆောင်ရွက်ရန်၊ အရင်းအနှီးဖြည့်ဆည်းထောက်ပံ့ရန် စသည့်အချက်များကို အချိန်ယူဆောင်ရွက်မည်ဖြစ်၍ နိုင်ငံ့စီးပွားမြင့်မားတိုးတက်စေရန် အခြေခံစီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Course ဖွင့်လှစ်မည်

သန်လျင် စက်တင်ဘာ ၂၄

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Course (2nd Batch)ကို ၆-၁၀-၂၀၂၂ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

➢ Certificate in Business Law

Link; https://forms.gle/48axjQStY5jSo6Cf7

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link မှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၃၀-၉-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင်စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိပိဋကသုံးပုံနိကာယ စာသင်တိုက်၊ ဒေါပုံမြို့နယ်ရှိ ရတနာဉာဏ်ရောင်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီးကျောင်းတိုက်၊ အင်းစိန်မြို့နယ်ရှိ မဟာမြိုင်သာသန ဝိပုလကာရီကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိသာသနာ့ဇောတိကကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ပေါ်တော်မူကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိအောင်မြေတံခွန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနောဒယကုန်းလှိုင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နတ်ရေကန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - ဦးဝင်းနိုင် | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဆိုပါ ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေ**

ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေရာတွင် ဘုရားကန်တော့ခန်း၊ ဇာတ်တော်ကြီးသမားစဉ် အပျိုတော်ထွက်ခန်းနှင့် နှစ်ပါးသွားခန်းတို့ဖြင့် စတင်အစပျိုးကပြဖျော်ဖြေသည်။ ထို့နောက် ဘုရင့်နောင်မင်းတရားကြီး ထွက်တော်မူကြီးနှင့် ခါတုကလျာ ဖွားမြင်ခန်း၊ ဝန်မင်းနှစ်ပါး ဇာတ်ပန္နက်ရိုက် ပြည်တည်ခန်း၊ မင်းရဲနန္ဒမိတ် ညီလာခံခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခါတုကလျာ တွေ့ဆုံခန်း၊ နတ်သျှင်နောင် ကိုယ်လုံပညာလေ့ကျင့်ခန်း၊ နတ်သျှင်နောင်မှ ရာဇခါတုကလျာအား ချစ်ခွင့်ပန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခါတုကလျာ လက်ထပ်မည့်အကြောင်းအား ပြည်သူ ပြည်သားများ ပြောဆိုခန်း၊ နတ်သျှင်နောင်နှင့် ရာဇခါတုကလျာ လက်ထပ်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခါတုကလျာ သစ္စာတိုင်ခန်းနှင့် ခွဲခွာခန်း၊ နတ်သျှင်နောင်မှ အယုဒ္ဓယတပ်များကို တိုက်ခိုက်ရန် ပြင်ဆင်ခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

ဇာတ်လမ်းနိဂုံးချုပ်ခန်း၊ ငဇင်ကာ အမြောက်လက်နက်ပြုလုပ်ခန်း၊ ငဇင်ကာနှင့် အပေါင်းပါများ အစည်းအဝေးပြုလုပ်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာ တွေ့ဆုံခန်း၊ မင်းရဲနန္ဒမိတ်မှ တပ်မှူး ဗိုလ်မှူးများနှင့် တိုင်ပင်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်သို့ စစ်ချီခန်း၊ ပေါ်တူဂီတပ်များနှင့် အပေါင်းပါတောင်ငူတပ်များအား အင်းဝတပ်များက တိုက်ခိုက်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရေး ဥမင်လိုဏ်ခေါင်းပြုလုပ်ရန် အမိန့်ပေးခန်း၊ အင်းဝတပ်များ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရန် ဥမင်လိုဏ်ခေါင်းပြုလုပ်ခန်းနှင့် သန်လျင်မြို့ရိုး ကျိုးပေါက်ခန်း၊ မင်းရဲနန္ဒမိတ်မှ ငဇင်ကာနှင့် နတ်သျှင်နောင်အား ဖမ်းဆီးခန်း၊ ငဇင်ကာအား စစ်မေးခန်း၊ နတ်သျှင်နောင်အား တရားနှင့်အညီစီရင်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာအား ကွပ်မျက်ခန်းနှင့် ဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြ ဖျော်ဖြေကြသည်။

**သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြရခြင်းဖြစ်**

"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးကို မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇခါတုကလျာမင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သော်လည်း လောကဒဏ် အနိမ့်အမြင့် အတက်အကျတွင် လိုက်ပါခဲ့ရသည့် ရာဇခါတုကလျာ၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည်သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်ခဲ့သည့် နတ်သျှင်နောင်သည် မိမိတို့၏နိုင်ငံအတွင်း ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသော သမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြခြင်းဖြစ်သည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ အမွေအနှစ်များကို ထိန်းသိမ်းလျက်ရှိ**

ဇာတ်တော်ကြီးတွင် နတ်သျှင်နောင်အဖြစ် တက္ကသိုလ်အားမာန်၊ ရာဇခါတုကလျာအဖြစ် ဒေါ်ဇာနည်အောင်၊ အင်းဝဘုရင် မင်းရဲနန္ဒမိတ်အဖြစ် ရွှေတံဆိပ်ဆုများရှင် ဦးဉာဏ်ဝင်း၊ ဘုရင့်နောင်မင်းတရားကြီးအဖြစ် ဦးလှမျိုးထက်၊ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ အာပြဲ၊ ရောင်နီ၊ လမုန့်တို့ပါဝင်ကြပြီး ဇာတ်ပို့ဆိုင်း ရွှာစား နိုင်လင်းဗိုလ်နှင့် အဖွဲ့တို့က ပံ့ပိုးတီးခတ်ထားသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ အမွေအနှစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကို အခြေခံသည့် ဖျော်ဖြေရေး အစီအစဉ်များကို ဖော်ထုတ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးများက ဂုဏ်ပြုဆုငွေများကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေရာတွင် ဘုရားကန်တော့ခန်း၊ ဇာတ်တော်ကြီးသမားစဉ် အပျိုတော်ထွက်ခန်းနှင့် နှစ်ပါးသွားခန်းတို့ဖြင့် စတင်အစပျိုး ကပြဖျော်ဖြေစဉ်။

**"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးကို မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇခါတုကလျာမင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သော်လည်း လောကဒဏ်အနိမ့်အမြင့် အတက်အကျတွင် လိုက်ပါခဲ့ရသည့် ရာဇခါတုကလျာ၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည်သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်ခဲ့သည့် နတ်သျှင်နောင်သည် မိမိတို့၏ နိုင်ငံအတွင်း ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသောသမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာသင်ခန်းစာဖြစ်ရပ်တစ်ခု အနေဖြင့် တင်ဆက်ကပြခြင်းဖြစ်**

# လယ်ယာကဏ္ဍဆိုင်ရာ သုတေသနနှင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် အိန္ဒိယ - မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ စက်တင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်ပိုင် မျိုးစေ့ကော်ပိုရေးရှင်း National Seed Corporation (NSC) နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ICAR-Indian Agricultural Research Institute သို့ သွားရောက်၍ သုတေသနစိုက်ကွင်းများကို လေ့လာကြပြီး မြန်မာနိုင်ငံနှင့် သင့်တော်သော သက်တမ်းအလိုက် သီးပွင့်၍ သက်တမ်းတိုသော ပဲစင်းငုံမျိုးများနှင့် ရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်း မြင့်မားသော ပဲတီစိမ်းမျိုးများ၊ အလုံးအရွယ်ကြီး၍ အဖြူရောင်ရှိသော ကုလားပဲမျိုးများရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် Dr. Swami Nathan စာကြည့်တိုက်တွင် ICAR မှ Dr. A. K. Singh နှင့် ပညာရှင်များက ICAR နှင့် NSC တို့၏ လုပ်ငန်းဆက်စပ်ဆောင်ရွက်မှုများနှင့် ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်ပိုင်မျိုးစေ့ကော်ပိုရေးရှင်း National Seed Corporation နှင့် ပုဂ္ဂလိကအဖွဲ့အစည်း၊ တောင်သူအဖွဲ့အစည်းများ ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်မှုကို နိုင်ငံပိုင်စီးပွားရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ နေပြည်တော် ရေဆင်းရှိ Advanced Centre for Agricultural Research and Education (ACARE)တွင် စွမ်းဆောင်ရည်မြင့်မားသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်နိုင်ရေး နည်းပညာများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနေမှုများကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲမျိုးစုံအခြေခံသည့် တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသည့် နယူးဒေလီမြို့ရှိ BIKANO ကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေးစင်တာသို့ သွားရောက်၍ ပဲမျိုးစုံဖြင့် ထုတ်လုပ်ထားသော မုန့်ပဲသရေစာများ၊ အသင့်စားဟင်းလျာများ ရောင်းချနေမှုကို ကြည့်ရှုလေ့လာကြသည်။

**တက်ရောက်**

စက်တင်ဘာ ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွမ်ဘိုင်းမြို့ Sofitel Hotel တွင် အိန္ဒိယနိုင်ငံ ပဲမျိုးစုံအသင်း India Pulses and Grains Association (IPGA)၊ Overseas Agro Traders Association (OATA) နှင့် မြန်မာနိုင်ငံ ပဲ၊ ပြောင်းနှင့် နှမ်းအသင်းတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး IPGA ဥက္ကဋ္ဌ Mr.Bimbal Kothari၊ OATA ဥက္ကဋ္ဌ Mr.Shyam Narsaria နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်တို့က မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ပဲမျိုးစုံကူးသန်းရောင်းဝယ်မှု အခြေအနေနှင့် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်၊ ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးရန် အခြေအနေများ၊ ပြောင်း၊ နှမ်းနှင့် ဆီထွက်သီးနှံများ ကုန်သွယ်မှုအခြေအနေများကို ဆွေးနွေးကြရာ တက်ရောက်လာသူများက ပေါင်းစပ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် အိန္ဒိယနိုင်ငံ၏ စားသုံးသူရေးရာ၊ အစားအစာနှင့် ဖြန့်ချိရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား မတ်ပဲနှင့် ပဲစင်းငုံသီးနှံ တင်ပို့မှုဆိုင်ရာ ကိုဒါသဘောတူစာချုပ်ကို ၂၀၂၆ ခုနှစ်အထိ လက်မှတ်ရေးထိုးထားပါကြောင်း၊ ထို့အပြင် ပဲတီစိမ်းသီးနှံကိုလည်း ထည့်သွင်းရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ် ပဲထုတ်လုပ်တင်ပို့မှုအနေဖြင့် ယခုတင်ပို့လျက်ရှိသော ပဲမျိုးများအပြင် ပဲနီလေး၊ ပဲဝါလေး၊ ပဲရာဇာ၊ မြေထောက်ပဲများကိုလည်း တိုးမြှင့်ထုတ်လုပ်တင်ပို့သွားရန် လိုအပ်ပါကြောင်း။

လက်ရှိအခြေအနေတွင် သွင်းအားစု ဓာတ်မြေဩဇာနှင့် စက်သုံးဆီများ ဈေးနှုန်းကြီးမြင့်မှုကြောင့်၊ ထုတ်လုပ်မှုစရိတ် မြင့်တက်နေသည့်အပြင် သယ်ယူပို့ဆောင်မှုစရိတ်မြင့်တက်မှုကြောင့် သီးနှံဈေးနှုန်းများ မြင့်တက်နိုင်ပါကြောင်း၊ သို့ဖြစ်၍ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ် လျှော့ချနိုင်ရန် မြန်မာနှင့် အိန္ဒိယနိုင်ငံကြား Coastal Liner ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေးစနစ်ဖြင့် တိုက်ရိုက်တင်ပို့နိုင်ပါက စားသုံးသူများအတွက် ဈေးနှုန်းသက်သာစေနိုင်ကြောင်း၊ အဆိုပါ လုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း၊ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများတွင်သာမက သယ်ယူရေး၊ ပို့ဆောင်ရေး တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ IPGA ဥက္ကဋ္ဌ Mr.Bimbal Kothari၊ OATA ဥက္ကဋ္ဌ Mr.Shyam Narsaria တို့သည် India CBS ရုပ်သံဌာန၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်အတူ မွမ်ဘိုင်းမြို့ JW Marriot Hotel တွင် Mahyco မျိုးစေ့ထုတ်ကုမ္ပဏီ၊ Safal ကုမ္ပဏီနှင့် Metahelix ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝါသီးနှံနှင့် ဆီထွက်နေကြာသီးနှံမျိုးစေ့များ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချနိုင်ရေး၊ စမ်းသပ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ၏ မျိုးစေ့ထုတ်ကုမ္ပဏီများ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်ရေးဆိုင်ရာများကိုလည်းကောင်း၊ DVC ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဆီသန့်စက်ရုံတည်ဆောက်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်း ဆီဖူလုံမှုပြည့်မီစေရေး ဆီထွက်သီးနှံများကို အရှိန်အဟုန်မြှင့် တိုးချဲ့စိုက်ပျိုးသွားမည်

**ဘားအံ စက်တင်ဘာ ၂၄**

ကရင်ပြည်နယ်အတွင်း ဆီဖူလုံမှုရာခိုင်နှုန်းမှာ ၇၀ ရာခိုင်နှုန်းခန့်သာရှိပြီး ၁၀၀ ရာခိုင်နှုန်းပြည့်မီကျော်လွန် ဖူလုံစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဆီဖူလုံရေးနှင့် ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။



အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သော မြေနှင့် ဆီထွက်သီးနှံအမျိုးအစားများရှိပြီး အခြားစိန်ခေါ်မှုများဖြစ်သော အရင်းအနှီး၊ လုပ်သားနှင့်ဈေးကွက်တို့ကို ဖြည့်ဆည်းပေးလိုက်မည်ဆိုပါက ဆီဖူလုံရေး အခက်အခဲရှိနိုင်မည်မဟုတ်ကြောင်း၊ လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၈ ဘီလီယံမှ စပါးအပြင် ဆီထွက်သီးနှံများကို ထုတ်ချေးပေးရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး အချိန်မီစိုက်ပျိုးနိုင်ရေး လိုအပ်သည့်မျိုးစေ့များ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်တို့ကို အရှိန်အဟုန်မြှင့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး ရိတ်သိမ်းခြွေလှေ့ ကြိတ်ခွဲထုတ်လုပ်ပြီးပါက ဒေသတွင်း ဆီဖူလုံမှု ရာခိုင်နှုန်းကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ကြိတ်ခွဲထုတ်လုပ်ရာတွင် အရည်အသွေးမြင့်မားသည့် စားသုံးဆီများရရှိစေရေး အဆင့်မီဆီကြိတ်စက်များရှိရန် လိုသည့်အတွက် အရင်းအနှီးများထုတ်ချေးပေးသွားရန် စီမံထားပါကြောင်း၊ ပြည်နယ်အတွင်း ဆီဖူလုံရေးနှင့် ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေး ပါဝင်ပတ်သက်သူများ အားလုံးက စိုက်ပျိုးခြွေလှေ့ကြိတ်ခွဲထုတ်လုပ်သည်မှ ဈေးကွက်ဖော်ဆောင်နိုင်သည်အထိ ဝိုင်းဝန်းအကြံပြုဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက ၂၀၂၂-၂၀၂၃ ခုနှစ် ကရင်ပြည်နယ်အတွင်း ဆီဖူလုံရေးနှင့်ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်မိုးအောင်က ဆီထွက်သီးနှံ စိုက်ဧရိယာများ လျာထားဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ဘားအံ၊ ကော့ကရိတ်၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ မြဝတီ) ခရိုင်အုပ်ချုပ်ရေးမှူးများက ဒေသတွင်းဆီဖူလုံရေး ခရိုင်အလိုက် သုံးသပ်တင်ပြကြပြီး တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုးစပါးနှင့် မိုးနှောင်းဆောင်းသီးနှံများ စိုက်ပျိုးနည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနား ပြုလုပ်

**ကသာ စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မိုးစပါးနှင့်မိုးဆောင်းသီးနှံများ စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကသာမြို့နယ် အကျဉ်းဦးစီးဌာနတွင် ပြုလုပ်သည်။

**ပညာပေးပို့ချ**

အဆိုပါ အခမ်းအနားတွင် ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးနှင့် ဝန်ထမ်းများက မိုးစပါးနှင့်မိုးနှောင်းဆောင်းသီးနှံများ စိုက်ပျိုးနည်း၊ မိုးစပါးအပြီး လယ်သီးထပ်နွေစပါးနှင့် နေကြာစိုက်ပျိုးနည်းတို့ကို ပညာပေးပို့ချခဲ့ရာ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ မိုးစပါးခင်းများ ပိုးမွှားရောဂါကျရောက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ရွှေခရုဥမြုံအနည်းငယ်တွေ့ရှိရသဖြင့် ဥမြုံကိုလက်ကောက်စနစ်ဖြင့် ဖယ်ရှားနှိမ်နင်းရန် သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောသည်။

**အေးမြသက်ထား**



# ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

**လွိုင်ကော်  စက်တင်ဘာ ၂၄**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများ နေထိုင်သည့် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းနှင့် လွိုင်ကော် ကက်သလစ်သာသနာနှင့်အတူ ဇဝ်ဂေလိ စေတမန်/စေတမန် မူကြို/ဗဟိုသင်တန်း ကျောင်းတို့သို့ သွားရောက်၍ ယာယီတိုက်ပွဲရှောင် ပြည်သူများအား အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဇိနောဘာသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းနှင့် လွိုင်ကော်ကက်သလစ်သာသနာ ဇဝ်ဂေလိစေတမန်/စေတမန်မူကြို ဗဟိုသင်တန်းကျောင်းတို့၌ နေထိုင်နေကြသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိမိတို့၏နေရပ်တွင် ပြန်လည်နေထိုင်နိုင်ရေး၊ လတ်တလော စားသောက်ရေးကိစ္စများ အဆင်ပြေစေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်စေရေး၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေသည့်အခြေအနေများကို ရှင်းလင်းပြောကြား၍ အားပေးစကားပြောကြားသည်။ ယင်းနောက် အိမ်ထောင်စုလူဦးရေအလိုက် အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီနှင့်ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လူသန့်ချောင်ကျေးရွာအုပ်စု ပန်းပင်ချောင်ကျေးရွာအတွက် ငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က သွားရောက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်၌ ပန်းပင်ချောင်ကျေးရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တွင်းနက်တူးဖော်ခြင်းနှင့် အိမ်သွယ်ရေတိုင်သွယ်တန်းခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ရေကန်နှင့် ပေ ၂၀ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက လုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အနောက်စုကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများ သင်တန်းအောင်မြင်ပြီးပါက ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန် လိုအပ်သည့်အရင်းအနှီးများ ပံ့ပိုးပေးနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနများမှ ကူညီထောက်ပံ့ပေးရန် မှာကြားကာ သင်တန်းသားများ၏ လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသားများ၊ ပဲတီစိမ်းစိုက်တောင်သူများနှင့်တွေ့ဆုံကာ နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးနိုင်ရန် မိမိတို့ဝန်ကြီးဌာနက သမဝါယမ ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ၏ မိသားစုဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများမြင့်မားလာစေရန် ရည်ရွယ်၍ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံစသည်ဖြင့် ရာသီအလိုက် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က သမဝါယမကန်ထရိုက်လယ်ယာစနစ်နှင့် ညွှန်ကြားရေးမှူး ဦးငွေးမြင့်အောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းလျာထားစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့သွားရောက်၍ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များကို နားလည်သိရှိကာ အကောင်အထည်ဖော်ဆောင်ရွက်ရေးမှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့၌ ညော့မထဆန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ဒေးဒရဲ  စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းက မြို့နယ်အတွင်းရှိ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေးနှင့် စားသောက်ရေး အဆင်ပြေစေရန်အတွက် အခြေခံစားသောက်ကုန်ဖြစ်သည့် ညော့မထဆန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှုကို ယနေ့နံနက် ၇ နာရီခွဲက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမွန်မြတ်သူစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေးဒရဲမြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ပြည်သူများ အလွယ်တကူ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ကြီးကြပ်စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ညော့မထဆန်များကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် လူတစ်ဦးလျှင် တစ်ပြည် (ငွေကျပ် ၁၅၀၀)နှုန်းဖြင့် ရောင်းချပေးခြင်းကို နေ့စဉ်နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိ ဆန်စက်လုပ်ငန်းရှင်များအသင်းရုံးတွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **၂၀၇**

# ဇလွန်မြို့နယ်၌ ခြံထွက်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ဇလွန်  စက်တင်ဘာ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရွှေ့လျားဈေးကားနှင့် ခြံထွက်ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ယနေ့နံနက် ၈ နာရီတွင် မြို့ပေါ်ရပ်ကွက်များတွင် လိုက်လံရောင်းချပေးခဲ့သည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ ခြံထွက်ဟင်းသီးဟင်းရွက် ပဲသီး၊ ခရမ်းသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ သရက်ကင်းစသည်တို့ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုး ဦးဆောင်သော ဝန်ထမ်းများက ရပ်ကွက်များအတွင်း ဈေးကားဖြင့်သွားရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

■



# အနာဂတ်စားနပ်ရိက္ခာလုံခြုံမှုလမ်းသစ်ဆီသို့ ...

မိုးကေနိုင်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) ၌ ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022) မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "စားနပ်ရိက္ခာလုံခြုံရေး" Food Security နှင့် ပတ်သက်၍ ဆွေးနွေးသွားသည်ကို သိရှိလေ့လာလိုက်မိပါသည်။ "စားနပ်ရိက္ခာလုံခြုံရေးကဏ္ဍမှာ မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများ" ခေါင်းစဉ်အောက်တွင် ဆွေးနွေးသွားခဲ့ခြင်းဖြစ်သည်။



စက်တင်ဘာ ၇ ရက်က (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

## တာဝန်ရှိ၊ တာဝန်သိမှုနှင့် တာဝန်ယူမှုကို ပြသရာရောက်

ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများကို ထင်ဟပ်နေသည့်ခေါင်းစဉ်တစ်ခုဖြစ်သည်။ ၇၀ ရာခိုင်နှုန်းသောလူဦးရေက လယ်ယာစိုက်ပျိုးရေးကို အဓိကမှီခိုအားထားနေရသော မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ရော ကမ္ဘာ့နိုင်ငံများအတွက်ပါ လွှမ်းခြုံ၍ ဆွေးနွေးသွားခြင်းဖြစ်သည်ကို သတိထားမိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးမှုအောက်နှင့် ဆင်းရဲတွင်းနက်နေသောနိုင်ငံများအတွက် သတိပြုနားလည်မှုဖြစ်စေရန် သတင်းစကားပါးလိုက်ဟန်လည်းတူသည်။

နိုင်ငံအတွက်၊ ဒေသအတွက် ဖြစ်နိုင်လျှင် ကမ္ဘာကြီးအတွက်ပါ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူနိုင်မှုအတိုင်းအတာကို ပြသရာလည်းရောက်သည်ဟုမြင်မိပါသည်။ အခြေအနေ အချိန်အခါအရ လိုအပ်သောအကြောင်းအချက်တစ်ခုလည်းဖြစ်သည်ကို အငြင်းပွားဖွယ်ရာမရှိပါ။

## ဆင်းရဲမှု၊ ငတ်မွတ်မှုတိုးလာနေသော ဤကမ္ဘာ

အဓိကအကြောင်းတရားများကို ပြန်ပြောင်းဆန်းစစ်ကြည့်လျှင် သုံးနှစ်တာ ကိုဗစ်ကပ်ကြီးနှင့် ယူကရိန်းစစ်ပွဲများက အဓိကနေရာမှပါဝင်နေသည်ကို အားလုံးက လက်ခံပြီးဖြစ်သည်။ မပြောင်းလဲဆုတ်ယုတ်ဆဲရာသီဥတုဖောက်ပြန်မှု၊ တန်းတူရည်တူမရှိ မညီမျှမှုများကတော့ အစဉ်အဆက်ရှိနေသည့် မူလအကြောင်းတရားများအဖြစ် ရပ်တည်နေဆဲဖြစ်သည်။ ထိုထိုအကြောင်းတရားများ၏ သက်ရောက်မှုက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၂၀၃၀ agenda ကို အကြီးအကျယ်ထိခိုက်နေသည်ကိုလည်း သတိမူမိဖို့လိုပါသည်။

ကမ္ဘာမှာ ဆင်းရဲမှုနှုန်းက ၈ ဒသမ ၃ ရာခိုင်နှုန်းမှ ၉ ဒသမ ၂ ရာခိုင်နှုန်းသို့ တက်သွားသည်။ ၂၀၂၂ ခုနှစ် စာရင်းများအရ အလွန်အမင်းဆင်းရဲတွင်းနက်သူ နောက်ထပ် ၉၅ သန်းအထိတိုးသွားပြီး ဆင်းရဲသူပေါင်းမှာ ၆၇၆ သန်းအထိ ရှိလာနေသည်ဟု ဆိုပါသည်။ ၂၀၂၁ ခုနှစ်စာရင်းများအရ လူသန်းပေါင်း ၈၂၈ သန်း အငတ်ဘေးဆိုက်နေရပြီး ထိုအရေအတွက်မှာ ၂၀၁၉ ခုနှစ်ကထက် သန်း ၁၅၀ ထပ်တိုးလာခြင်းပင်ဖြစ်သည်။ လူ ၁၀ ဦးတွင် တစ်ဦးက အစားအစာကိုလက်လှမ်းမမီဖြစ်နေပြီး လုံလောက်သောအစာအာဟာရကို မရရှိကြဟုဆိုနိုင်ပါသည်။

## အကြောင်းတရားများအပြင် စိန်ခေါ်မှုများလည်းရှိနေ

နိုင်ငံတစ်ခု၏ စားနပ်ရိက္ခာလုံခြုံရေးကို စဉ်းစားသည့်အခါ အစာရေစာမလုံလောက်မှုအကြောင်းတရားများအပြင် စိန်ခေါ်မှုများစွာကိုလည်း ဖြေရှင်းရန်လိုအပ်ပုံကို နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းပြသွားပါသည်။ ပဋိပက္ခနှင့် အကျပ်အတည်းများကြားမှာပင် ကမ္ဘာ့လူဦးရေက မှန်မှန်တိုးတက်နေသည်။ လူဦးရေတိုးတက်ရုံတင်မက သက်တမ်းရှည်ရှည်နေထိုင်နိုင်သည့်အရေအတွက်လည်း တိုးလာနေသည်။ ယခုနှစ် နိုဝင်ဘာလစာရင်းအရ ကမ္ဘာ့လူဦးရေမှာ ရှစ်ဘီလီယံအထိ တိုးမြင့်လာနေကြောင်း၊ နောင်လည်း တိုးမြင့်လာမည့်အခြေအနေများကို ဆွေးနွေးချက်များက သက်သေပြနေသည့်အခါ စားနပ်ရိက္ခာတိုးမြှင့်မထုတ်လုပ်နိုင်မှုနှင့်အတူ စားရေရိက္ခာပြတ်လပ်မည့် အန္တရာယ်များကြားမှ မဖြစ်မနေတိုးမြှင့်ထုတ်လုပ်ရန် Food availability ကဏ္ဍအရေးကြီးပုံကို ဤနေ့၊ ဤအချိန်တွင် သတိထားမိကြမည်ထင်ပါသည်။

လူဦးရေတိုးလာပါက စားရေရိက္ခာလိုအပ်မှုလည်း တိုးလာမည်၊ ဝယ်လိုအားလည်း တိုးလာမည်သာဖြစ်သည်။ သို့သော် အစားအစာဈေးနှုန်းများက ငွေကြေးဖောင်းပွမှုနှင့်အတူ မြင့်တက်နေသည်။ ဒေါ်လာကို လက်နက်သဖွယ်အသုံးချခံရ၊ အနိုင်ကျင့်ခံရမှုများကြောင့် တရိပ်ရိပ်ကျနေသည့် မိမိငွေကြေးက စားနပ်ရိက္ခာအပါအဝင် ဓာတ်မြေဩဇာ အစရှိသည့် ရိက္ခာထုတ်လုပ်မှုနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတင်သွင်းရာတွင် အခက်အခဲများစွာတွေ့နေရသည်။ ကိုယ်တိုင်စားနပ်ရိက္ခာမထုတ်လုပ်နိုင်သည့် ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲသည့်နိုင်ငံများအတွက်မူ ပို၍ဆိုးရွားသွားသည်။ ထိုအချင်းလက္ခဏာကို စားနပ်ရိက္ခာလုံခြုံရေးအပေါ် ဆက်စပ်လွှမ်းမိုးနေသည့် ဘဏ္ဍာရေးမလုံခြုံမှု (Financial Security) သဘောတရားတစ်ခုအဖြစ် ဖော်ထုတ်ဆွေးနွေးနိုင်မှုမှာ လေ့လာစရာတစ်ခုအပြင် သင်ခန်းစာပါရခဲ့သည်ဟု ဆိုရပေမည်။

## Food supply chain တွင် ဒေါ်လာအစားထိုးရန် အကြံပေးမှုများရှိလာနေ

လက်ထဲတွင် ငွေမရှိလျှင် စားနပ်ရိက္ခာကို ဝယ်ယူရန် လက်လှမ်းမမီ Food accessible မဖြစ်နိုင်ပါ။ ငွေမရှိလျှင် သို့မဟုတ် မိမိပိုင်ငွေတန်ဖိုးမရှိလျှင် စားရေး၊ ဝတ်ရေး၊ နေရေး သုံးဖြာအနက် အဓိကအရေးကြီးဆုံးဖြစ်သော စားရေးပြဿနာကို မည်သို့ဖြေရှင်းနိုင်မည်နည်း။ ထို့ကြောင့်လည်း ဒေါ်လာကို အစားထိုး ဒေါ်လာမှသွေဖည်ရန် ကြိုးစားလာခြင်းဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် အထူးသဖြင့် Food supply chain ဟုခေါ်သည့် စားနပ်ရိက္ခာ ထုတ်လုပ်၊ သယ်ယူ၊ ဝယ်ယူ၊ ဖြန့်ဖြူး၊ အဆက်မပြတ် ရရှိမှုကွင်းဆက်များ မထိခိုက်ရန် ပိုအရေးကြီးသည့်အတွက် ထိုကွင်းဆက်တွင် ဒေါ်လာအစားထိုး ရူဘယ်၊ ယွမ်၊ ရူပီးတို့ကို အသုံးပြုရန်၊ လိုအပ်ပါက Bartar system ကုန်စည်ဖလှယ်မှုစနစ်ကို အစားထိုးရန် မြန်မာနိုင်ငံအကြီးအကဲက အကြံပြုသွားခြင်းဖြစ်ပေလိမ့်မည်။ ထိုသို့ဖြေရှင်းနိုင်မှုသည် ရုရှား၊ အိန္ဒိယနှင့် တရုတ် စသည့် အင်အားကြီးနိုင်ငံများ၏ အကူအညီနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင်လည်း များစွာမူတည်နေပါသည်။ သို့သော် ကြားခံဖလှယ်ငွေကြေးပုံစံ အစားထိုးပြောင်းလဲရန်အတွက် ပူးပေါင်းဆောင်ရွက်မှုသည် ခရီးရောက်ရန် အစခရီးပျိုးပြီးသလောက်ဖြစ်နေပြီဟုလည်း သတင်းများက ဆိုနေပါသည်။

## သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော်လည်း လိုအပ်ချက်များကရှိနေဆဲ

မီးမောင်းထိုးပြခဲ့သည့် အခြားသောစိန်ခေါ်မှုတစ်ခုကား ကမ္ဘာကြီး၏နေရာအချို့တွင် စိုက်ရန်၊ ပျိုးရန်၊ မွေးမြူရန်မြေနေရာနှင့် ရေအရင်းအမြစ်ရှားပါးလာခြင်းပင်ဖြစ်သည်။ သို့သော် ဤပြဿနာတွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအများစု မပါဝင်ပါ။

နိုင်ငံအကြီးအကဲက ထိုအချက်ကို အခြေခံစားနပ်ရိက္ခာစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့မှု အစဉ်အလာကောင်းရှိခဲ့သည့် မြန်မာနိုင်ငံကို ဥပမာပေး၍ အလေးထားဖော်ပြဆွေးနွေးခဲ့သည်ကို လေ့လာမိသည်။ မိမိနိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူရေးအတွက် အရင်းအမြစ်ကောင်းများရှိနေသည်။ မြေရှိသည်။ သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်များ ပေါများပြည့်စုံသည်။ နေရာအနှံ့ဖုံးလွှမ်းထားသော သဘာဝသစ်တောများလည်းရှိနေသည်။ ကမ်းရိုးတန်းများနှင့် ကာရံထားသည့်နိုင်ငံလည်းဖြစ်သည်။ စိုက်ပျိုးမြေပေါင်းဟက်တာ ၁၃ သန်းကျော်ရှိနေသည်။ စပါး၊ ပဲမျိုးစုံနှင့် ပြောင်း၊ နှမ်း၊ ဝါတို့ကို အဓိကစိုက်ပျိုးပြီး ဆန်၊ ပဲနှင့် ပြောင်းသည် အားထားရသော တင်ပို့ကုန်များဖြစ်သည်။

သို့ဆိုလျှင် Food security အတွက် အဓိကလိုအပ်ချက်များကား မည်သည့်အရာများနည်း။ မျိုးကောင်းမျိုးသန့်၊ မြေဩဇာ၊ စိုက်ပျိုးနည်းစနစ်များနှင့် ယခုလက်ရှိအခြေအနေများအရ ဒီဇယ်ဆီသည် အဓိကလိုအပ်သောသွင်းအားစုများဖြစ်သည်ဟု ထောက်ပြခဲ့ပါသည်။ ထို့ကြောင့်လည်း လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ပါရန် အခွင့်ကြုံခိုက် မိတ်ဆွေနိုင်ငံများထံ တောင်းဆိုခဲ့သည်။ **စာမျက်နှာ ၇ သို့** ❂

> "Food security **အတွက် အဓိကလိုအပ်ချက်များကား မည်သည့်အရာများနည်း။ မျိုးကောင်းမျိုးသန့်၊ မြေဩဇာ၊ စိုက်ပျိုးနည်းစနစ်များနှင့် ယခုလက်ရှိအခြေအနေများအရ ဒီဇယ်ဆီသည် အဓိကလိုအပ်သော သွင်းအားစုများဖြစ်သည်ဟု ထောက်ပြခဲ့ပါသည်။ ထို့ကြောင့်လည်း လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ပါရန် အခွင့်ကြုံခိုက် မိတ်ဆွေနိုင်ငံများထံ တောင်းဆိုခဲ့သည်။ ကူညီဖြည့်တင်းပေးနိုင်မှုက မိမိတို့၏စိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆတိုးတက်စေမည်ဟု ကတိပြုထားသည်။ နိုင်ငံနှင့် ပြည်သူအတွက် မိတ်ဆွေများထံ ပွင့်ပွင့်လင်းလင်းအကူအညီတောင်းခံကတိပြုမှုနှင့် တစ်ပါတည်းပါလာသည်က မိတ်ဆွေနိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် မက်လုံးပေးဆွဲဆောင်မှုများပင်ဖြစ်**"

# ပွင့်ဖြူမြို့နယ်အတွင်း မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ဆည်ရေပေးဝေနေမှုလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပွင့်ဖြူ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၈ နာရီက ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုရှိ မုန်းသီတာစိုက်ပျိုးရေးကုမ္ပဏီ(ဖူးပွင့်သမအသင်း)က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေဖြန့်ဝေပေးနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့သည် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုရှိ မုန်းသီတာစိုက်ပျိုးရေးကုမ္ပဏီ(ဖူးပွင့်သမအသင်း)က စိုက်ပျိုးထားရှိသော ဆာဖိုးသာ-၁ စပါးမျိုးစံပြကွက်စိုက်ခင်းနှင့် မိဘလိုင်းမွေးမြူထိန်းသိမ်းခြင်းနှင့် စပါးနက်မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မုန်းသီတာစိုက်ပျိုးရေးကုမ္ပဏီ မျိုးစေ့ထုတ်စက်ရုံတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က တိုင်းဒေသကြီးအတွင်း ဆန်စပါး စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရေးအတွက် အထွက်နှုန်းကောင်းသော စပါးမျိုးကောင်းမျိုးသန့်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန် ဆွေးနွေးမှာကြားကာ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအဖွဲ့သည် ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ ကွင်းအမှတ် (၇၈၇) မိုးစပါးစိုက်ခင်းသို့ ရောက်ရှိပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မဲဇလီရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသည့် မြောက်မုန်းမြောင်းမကြီးအတွင်းမှ ဆည်ရေအား အလိုအလျောက် အမြင့်တင်စနစ်ဖြင့် မိုးစပါးစိုက်ခင်းများ ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေဖြန့်ဝေရာတွင် ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျ ဖြန့်ဝေဆောင်ရွက်သွားရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒေသခံတောင်သူများကို တွေ့ဆုံပြီး မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကာ တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရေး ကြိုးပမ်းစိုက်ပျိုးကြရန်နှင့် စိုက်ပျိုးရေရယူသုံးစွဲရာတွင် ဆည်ရေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျ သုံးစွဲသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ရသေ့တောင်မြို့၌ မြေပြင်လူဦးရေစာရင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

ရသေ့တောင် စက်တင်ဘာ ၂၄

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အဖွဲ့များခွဲကာ မြို့ပေါ် (၄)ရပ်ကွက် များရှိ အခြေခံလူဦးရေစာရင်းနှင့် မြေပြင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မင်းကင်းမြို့၌ ဟင်းသီးဟင်းရွက်မျိုးစေ့၊ သဘာဝအားဆေး၊ ပိုးသတ်ဆေးပေးအပ်ပွဲနှင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

မင်းကင်း စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ၂၀၂၂-၂၀၂၃ ခုနှစ် ဟင်းသီးဟင်းရွက်မျိုးစေ့၊ သဘာဝအားဆေး၊ ပိုးသတ်ဆေးပေးအပ်ပွဲနှင့် ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်း၊ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မိုမို့က ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ သဘာဝအားဆေး၊ သဘာဝပိုးသတ်ဆေးများ၊ သီးနှံစုံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းနည်းစာအုပ်များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတောင်သူများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြပြီး မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အချိန်ကိုက် အချိုးညီ သုံးစွဲတတ်စေရန် နည်းပညာပေး ကွင်းဆင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❂ စာမျက်နှာ ၆ မှ

ကူညီဖြည့်တင်းပေးနိုင်မှုက မိမိတို့၏စိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆတိုးတက်စေမည်ဟု ကတိပြုထားသည်။ နိုင်ငံနှင့် ပြည်သူအတွက် မိတ်ဆွေများထံ ပွင့်ပွင့်လင်းလင်း အကူအညီတောင်းခံကတိပြုမှုနှင့် တစ်ပါတည်းပါလာသည်က မိတ်ဆွေနိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် မက်လုံးပေးဆွဲဆောင်မှုများပင်ဖြစ်သည်။

### ရင်းနှီးမြှုပ်နှံကြရန် အခွင့်အလမ်းကောင်းများကို ဖွင့်လှစ်ခဲ့

မြန်မာနိုင်ငံတွင် လက်ရှိလည်း သဘာဝဓာတ်ငွေ့များ တွေ့ရှိ၊ တူးဖော်နေသည့်နည်းတူ ဘင်္ဂလားပင်လယ်အော်အတွင်း တွေ့ရှိထားပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည့် သဘာဝဓာတ်ငွေ့ နှစ်ထရီလီယံကျော်က အဆင်သင့်ဖြစ်နေသည်။ ဓာတ်ငွေ့သိုက်အသစ်တစ်ခု တူးဖော်နိုင်မည့် အလားအလာနှင့်အတူ နောင်သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့ အခြေခံစက်မှုလုပ်ငန်းများ ထွန်းကားလာမည့်အခြေအနေများက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်နေသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့အပြင် ထုတ်လုပ်တင်ပို့နိုင်သည့် ကြေးနီ၊ သံ၊ ခဲမဖြူ စသည့်သယံဇာတ အရင်းအမြစ်များစွာလည်း ရှိနေပါသေးသည်။ မိမိ၏ အင်အားက နိုင်ငံတကာမှ စိတ်ဝင်စားသူတို့အတွက် အခွင့်အလမ်းဖြစ်သည်ကို မိမိနိုင်ငံ၏ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအားသာချက်များနှင့်အတူ လှစ်ဟဖွင့်ပြသွားခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်သည် တစ်ခုတည်း၊ နှစ်ခုတည်းမဟုတ်၊ နယ်ပယ်အတော်များများတွင် ရင်းနှီးမြှုပ်နှံကြရန် ပါဝင်တက်ရောက်သူ ကိုယ်စားလှယ်အားလုံးကို ဖိတ်ခေါ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

ဖိတ်ခေါ်ခဲ့သည့်ကဏ္ဍများထဲမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပြည်ပတင်ပို့ကုန်သာမက မိမိနိုင်ငံသားများ ကျန်းမာရေးအတွက်ပါ အဓိကထား၍အရည်အသွေးမြင့်၊ အာဟာရပြည့်အစားအစာများကို လုံလောက်စွာစားသုံးနိုင်ရန် ရည်ရွယ်ပြီးလည်းဖြစ်သည်ကို သိရှိနိုင်ပါသည်။

### အာဆီယံစိတ်ဓာတ်ကိုပြသ၍ အာဆီယံကိုလည်းဗဟိုပြုခဲ့

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဖိတ်ခေါ်မှု အခြေခံအကြောင်းတရားများ ရှင်းပြရာတွင် ကမ္ဘာ့အချက်အချာကျသော အာဆီယံကိုလည်း မြန်မာနှင့်တစ်သားတည်းထား ရှင်းလင်းဆွေးနွေးသွားသည်ကို သတိထားမိသည်။ အာဆီယံအသိုက်အဝန်းနှင့် အာဆီယံစိတ်ဓာတ်ကို အခွင့်ရခိုက် အာဆီယံကို ဗဟိုပြုသွားခြင်းလည်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုသည် အကျိုးတူပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ ပူးပေါင်းဆောင်ရွက်မှုက မိတ်ဖက်နိုင်ငံများအကြား ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေပါသည်။ ဆက်သွယ်မှုလမ်းကြောင်းများကို ပိုမိုပွင့်သွားစေပါသည်။ နယ်ပယ်စုံတွင် အပြန်အလှန်ထိတွေ့ဆက်ဆံမှုနှင့် နိုင်ငံတကာဆက်ဆံရေးပုံစံသစ်က အခြားဩဇာလွှမ်းမိုးလိုမှု၊ ဝင်ရောက်စွက်ဖက်လိုမှုများမှလည်း ကင်းဝေးစေမည်ဖြစ်ပါသည်။ အပြုသဘောများ လွှမ်းမိုးလာလျှင် အပျက်သဘောများ ကင်းရှင်းပြီး ပထဝီနိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုများ ရရှိလာမည်ဟု ယုံကြည်မိပါသည်။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတပေးထားချက်များက ပြည့်စုံနေပြီးဖြစ်သည်။ အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာအသုံးချနိုင်မည်ဆိုလျှင် ပြည်ပကိုမမှီခိုဘဲ မိမိဘာသာထုတ်လုပ်နိုင်စွမ်းရှိပါသည်။ သို့မှသာ ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အပေါင်းလက္ခဏာဆန်သည့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အနာဂတ်လူသားတို့၏ အလိုအပ်ဆုံးဖြစ်သော ရေရှည်တည်တံ့ပြီး တည်ငြိမ်သော စားနပ်ရိက္ခာဖူလုံမှုကို ဖြည့်ဆည်းပေးနိုင်မည်မှာ သေချာလာမည်ဟု ယူဆပါသည်။ ထိုမှတစ်ဆင့် အန္တိမရည်မှန်းချက်ကြီးဖြစ်သော သက်ဆိုင်ရာလယ်ယာစိုက်ပျိုးရေးကို အဓိကမှီခိုအားထားနေရဆဲနိုင်ငံများအပါအဝင် ထိုနိုင်ငံများ တည်ရှိရာဒေသတွင်းနှင့် ကမ္ဘာကြီးအတွက်ပါ ဆင်းရဲခြင်းမှလွတ်ကင်းသည့် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုဆီသို့ ဧကန်ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နန်ပေါင်ရှောင်ကွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ အား/ကာသိပ္ပံကျောင်း၊ မွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံတည်ဆောက်နိုင်ရေး မြေနေရာများစစ်ဆေး



မြစ်ကြီးနား စက်တင်ဘာ ၂၄

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့တွင်း ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မော်ဖောင်းကျေးရွာအုပ်စုအတွင်း ဖြတ်သန်း၍ ရှဒေါင်ကျေးရွာအထိ နန်ပေါင်ရှောင်ကွင်းလမ်း အရှည် ပေ ၈ မိုင် ၃ ဖာလုံလမ်းပိုင်းအတွင်း ၆ မိုင် ၃ ဖာလုံလမ်းကို ကွန်ကရစ်လမ်းသစ်ခင်းခြင်း လုပ်ငန်းနေရာသို့ သွားရောက်ကြည့်ရှုသည်။

**သတ်မှတ်ချိန်အမီ**
**အရည်အသွေးပြည့်မီအောင်ဆောင်ရွက်**

ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများသတ်မှတ်ချိန်အမီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ မြို့ရှောင်လမ်းတစ်ခုဖြစ်သော်လည်း ကျေးရွာများတွင် ဖြတ်သန်းသွားသည့်အတွက် ကျေးလက်ကုန်ထုတ်လမ်းများကိုပါ ဆောင်ရွက်ပေးနိုင်ရေး စနစ်တကျ ကွင်းဆင်းတိုင်းတာတင်ပြနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါလမ်းပိုင်းနှင့် တစ်ဆက်တစ်စပ်တည်း မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ မြေလွတ်မြေလပ်ဧက ၅၀၀ ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်သွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း မြေနေရာ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံတည်ဆောက်မည့် မြေနေရာအပါအဝင် ဌာနဆိုင်ရာများ၏ မြေနေရာများ သတ်မှတ်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဌာနဆိုင်ရာသတ်မှတ်မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နန်ပေါင်ရှောင်ကွင်းလမ်း၊ အား/ကာသိပ္ပံကျောင်းနှင့် ဌာနဆိုင်ရာရုံးများပါဝင်လာသည့်အတွက် မော်ဖောင်းကျေးရွာအုပ်စုအတွင်း မြို့ကွက်သစ်ပုံစံဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ရေရှည်အကျိုးဖြစ်ထွန်းလာစေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများအပြင် ဈေးနှင့်ကျေးလက်ကျန်းမာရေးဌာနမြေနေရာများကို လျာထားဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ လူငယ်များဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကင်းပညာရေး ဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ရန်ကင်းပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြတ်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်နှင့် ရန်ကင်းပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက် လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရန်ကင်းပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

တန့်ယန်း စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့က အမှတ်(၃) တပ်မတော်ဆေးရုံ(ခုတင်-၂၅)၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးတို့၏ စုပေါင်းသွေးလှူဒါန်းခြင်းကို တန့်ယန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်တို့က ကြည့်ရှုအားပေးကာ အမှတ်(၃) တပ်မတော်ဆေးရုံ(ခုတင်-၂၅)မှ ဆရာဝန်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)



# ဘီးလင်းမြို့နယ်၌ မူလတန်းကြိုကျောင်း သုံးကျောင်းအတွက် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် ထောက်ပံ့ငွေပေးအပ်

ဘီးလင်း စက်တင်ဘာ ၂၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု မူလတန်းကြိုကျောင်း သုံးကျောင်းမှ ဆရာမများအား



လစာထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဘီးလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင်ဗိုလ်မှူးနိုင်အောင်ထွန်းနှင့် ဘီးလင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိဦးညီညီဝင်းတို့က မူလတန်းကြိုကျောင်း တစ်ကျောင်းလျှင် ဆရာမများအတွက် လစာထောက်ပံ့ငွေနှင့် ကလေးငယ်များအတွက် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် ငွေကျပ် ၁၀၆၀၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ရာ မူလတန်းကြိုကျောင်း သုံးကျောင်းမှ တာဝန်ခံဆရာမများက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# လက်ပံတန်း၌ ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ခြင်ကျား၊ ပိုးလောက်လမ်းကင်းစင်ကျောင်းများ ထူထောင်ရေး သင်တန်းဖွင့်လှစ်

လက်ပံတန်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေးအတွက် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ခြင်ကျား၊ ပိုးလောက်လမ်းကင်းစင်ကျောင်းများ ထူထောင်ရေး ရက်တိုသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ အဖွဲ့ဝင်ဗိုလ်မှူးကျော်ဝင်းခိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် တာဝန်ရှိသူများ၊ ပညာရေး၊ ကျန်းမာရေးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဆရာဝန်ကြီးက သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ခြင်ကျား၊ ပိုးလောက်လမ်းကင်းစင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

အောင်ဆင့်

# မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေး

မြစ်သား စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းမှ မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသံချောင်း၊ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၁ ဦးအောင်သူ၊ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်းနှင့် ခရိုင်ငါးလုပ်ငန်းဝန်ထမ်းများ၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ




တက်ရောက်ကြပြီး ကူမဲငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၂၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၃၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၇၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၄၄၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေလှူဒါန်းစဉ်။

**ကာကွယ်ဆေးထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၈၈၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ကျောက်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကိုပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မလှိုင်မြို့တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက်အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# တောင်ဥက္ကလာပမြို့နယ် ပုဏ္ဏာမီဈေးတွင် နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုး၏ ကြီးကြပ်မှုဖြင့် သစ္စာလမ်းမကြီးရှိ ပုဏ္ဏာမီဈေး၌ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ထိန်းချုပ်နိုင်ရေးနှင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများအား နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျဝတ်ဆင်တတ်သည့် အလေ့အထများကို သိရှိလိုက်နာကျင့်သုံးစေရေးရည်ရွယ်၍ နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်မှုပြုလုပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာမှဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များမှ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်အပေါ် လိုက်နာကြရန်၊ လမ်းသွားလမ်းလာပြည်သူများ၊ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျဝတ်ဆင်၍ နေအိမ်ပြင်ပထွက်ကြရန် အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းအခမဲ့ဖြန့်ဝေပေးကာ နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထက်ထက်(ပြန်/ဆက်)

# မိုးမိတ်မြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မိုးမိတ် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ တောင်ကိုင်းကျေးရွာအုပ်စု အေးချမ်းသာယာဂေါက်ကွင်းလမ်းဆုံတွင် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက် ၇ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနည်းလမ်းများ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊ နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြရန် အသိပေးပြောကြားပြီး နှာခေါင်းစည်းတပ်ဆင်သွားလာခြင်းမရှိသည့် လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စည်သူဌေး(ခရိုင်ပြန်/ဆက်)



# ကျုံပျော်မြို့နယ်၌ အိမ်ထောင်စု ၁၅၀ ကို အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

ကျုံပျော် စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ထော်ဦးကျေးရွာရှိ အိမ်ထောင်စု ၁၅၀ အား အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းကို ယနေ့နံနက် ၇ နာရီခွဲက ကျေးရွာအလယ်တန်းကျောင်းရှေ့၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀၊ ကြက်ဥ တစ်လုံးလျှင် ငွေကျပ် ၁၀၀ ဖြင့် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်၊ ကြက်ဥလေးလုံးနှင့် ဟင်းသီးဟင်းရွက်သုံးမျိုးတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။ ကျုံပျော်မြို့နယ်ရှိ ရပ်ကွက်များ၊ ကျေးရွာအုပ်စုများတွင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချခြင်းကို စက်တင်ဘာ ၄ ရက်မှစတင်၍ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ပင်းတယမြို့နယ် ပုန်းတလုပ်ကန်၊ အင်းလျားအင်းကန်၊ ကြာအင်းကန်တို့နှင့် ဆက်စပ်နေသော သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်များပေးအပ်

ပင်းတယ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ပင်းတယမြို့နယ်အတွင်းရှိ သဘာဝရေပြင်များအတွင်းငါးမျိုးများစိုက်ထည့်ရန်အတွက် ငါးသားပေါက်များပေးအပ်ခြင်းကို ညောင်ရွှေငါးလုပ်ငန်းစခန်း၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပသည်။

ငါးသားပေါက်များပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက ဓနုအမျိုးသားအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးကျော်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွေးတို့ထံသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးဖိန်းသားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား ပင်းတယမြို့နယ် ပုန်းတလုပ်ကန်၊ အင်းလျားအင်းကန်၊ ကြာအင်းကန်တို့နှင့် ဆက်စပ်နေသော သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရန်အတွက် ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့

ခင်သူဇာ (ဟိုတယ်/ခရီး)

**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့နှင့်အတူ**

ကမ္ဘာတစ်ဝန်းရှိ အဖွဲ့ဝင်နိုင်ငံများတွင် စက်တင်ဘာလ ၂၇ ရက်နေ့၌ နှစ်စဉ်ကျင်းပသော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သည် ယခုတစ်ဖန် ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ယခုနှစ်ထုတ်ပြန်လိုက်သည့်ဆောင်ပုဒ်ဖြစ်သော “Rethin-king Tourism” “ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့” ခေါင်းစဉ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်လုနီးပါးဖြစ်နေသော ကမ္ဘာ့ခရီးသွားလုပ်ငန်းကို မည်သို့ပြန်လည်လုပ်ဆောင်ရမည်၊ မည်သို့ပြန်လည်ကြံဆရမည်ကို မီးမောင်းထိုးပြလိုက်သကဲ့သို့ ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် အီတလီနိုင်ငံ ရောမမြို့တွင်ကျင်းပသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (G-20) အစည်းအဝေးတွင် ခရီးသွားလုပ်ငန်းကဏ္ဍကို အဓိကဦးစားပေးအကြောင်းအရာတစ်ခုအနေဖြင့် ထည့်သွင်းဆွေးနွေးသွားသည်ကို ကြည့်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း၏အရေးပါပုံကို သိရှိနိုင်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုလျော့နည်းလာခြင်းနှင့်အတူ ပြည်တွင်း၊ ပြည်ပခရီးသွားခြင်း အလေ့အထများလည်း ပြန်လည်ရှင်သန်လာပြီဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွံ့ဖြိုးလာအောင် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်နေကြသည်ကို တွေ့မြင်ရပါသည်။ နိုင်ငံတကာတွင် ခရီးသွားဧည့်သည်များကို ခရီးသွားဆွဲဆောင်မှုအသစ်များ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုအရည်အသွေးများ၊ စုံလင်သော ခရီးသွားအတွေ့အကြုံကောင်းများဖန်တီးကာ မိမိနိုင်ငံ၊ မိမိဒေသသို့ လာရောက်လည်ပတ်ရန် ဆွဲဆောင်နေကြသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခဲ့သည့် ၂၀၁၂ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို နိုင်ငံတော်အဆင့် ဦးစားပေးကျင်းပခဲ့ပါသည်။ ယခုနှစ်တွင်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို အများပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် အကျွမ်းတဝင် သိရှိလာစေရန်နှင့် ပြန်လည်ဖွံ့ဖြိုးလာစေရန် ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးထားသောဆောင်ပုဒ်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပသွားမည် ဖြစ်ပါသည်။

**ကိုဗစ်-၁၉ အလွန်**

ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးဖို့ လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုစိန်ခေါ်မှုများကို ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများအားလုံး အမြန်ဆုံးကျော်ဖြတ်သွားနိုင်ရန် တက်ညီလက်ညီဖြင့် အတူတကွပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ပြည်တွင်းခရီးသွားလုပ်ငန်းမှအစပြု၍ ဒေသတွင်းခရီးသွားလာခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းခရီးသွားဈေးကွက် ပြန်လည်အသက်ဝင်လာမည်ဖြစ်ပါသည်။ ပြည်တွင်းခရီးသွားကဏ္ဍ ခိုင်မာစေရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် ကဏ္ဍပေါင်းစုံ ပါဝင်ပတ်သက်နေသဖြင့် ဆက်နွှယ်သောဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် ခရီးသွားရာသီနှင့် ပွင့်လင်းရာသီဖြစ်သည့် စက်တင်ဘာလမှစတင်ကာ ပြန်လည်အရှိန်ယူဖော်ဆောင်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသောစိတ်အား ပြန်လည်လန်းဆန်းစေရန်အတွက် အပန်းဖြေခရီးများသွားလာရန် ပြင်ဆင်ကြရာ မြို့ပြလူနေထူထပ်သောနေရာများနှင့် ဝေးရာနေရာများ၊ မြို့အနီးရှိ သဘာဝဆန်သော အေးချမ်းသည့်နေရာများသို့ လည်ပတ်ရန် စီစဉ်ဆောင်ရွက်လာကြပါသည်။ ခရီးသွားဧည့်သည်များ တည်းခိုရန်နေရာများတွင် ဝန်ဆောင်မှုများ ကောင်းမွန်ခြင်း၊ ခရီးစဉ်နေရာများသို့ သွားရောက်လည်ပတ်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေရန် ကောင်းမွန်လုံလောက်မှုရှိသော သယ်ယူပို့ဆောင်ရေးယာဉ်များ စီစဉ်ဆောင်ရွက်ပေးထားခြင်း၊ ဧည့်သည်များကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်မည့်အရာများ၊ သမိုင်းဝင်အထင်ကရနေရာများ၊ ပွဲတော်များကျင်းပခြင်းဖြင့် မိမိတို့ဒေသ၏ ထူးခြားချက်များနှင့် ဆွဲဆောင်မှုများကို ဧည့်သည်များသိရှိပြီး လာရောက်စေနိုင်ရေးအတွက် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကို ပြုလုပ်ရပါမည်။

**အရေးကြီးသောခရီးသွားဧည့်သည်များ၏အခန်းကဏ္ဍ**

ဧည့်သည်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အတွေ့အကြုံသစ်များခံစားရပြီး စိတ်ကျေနပ်မှုရရှိစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပြင်ဆင်ထားရှိရပါမည်။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများနှင့် ဆွဲဆောင်မှုများကို ပြည်တွင်းခရီးသွားဈေးကွက်နှင့်လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ခရီးသွားဧည့်သည်များအတွက် ပိုမိုကောင်းမွန်သော အတွေ့အကြုံများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းခရီးသွားဧည့်သည်များ၏ ခရီးသွားအတွေ့အကြုံပုံရိပ်မှတစ်ဆင့် ဒေသတွင်းမှ ပြည်ပခရီးသွားများအားဆက်လက်ဖိတ်ခေါ်နိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

သို့ရာတွင် စတင်လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ၏ ခံစားရသောအတွေ့အကြုံများနှင့် အခြားသောသူများအား ပြန်လည်ဝေမျှမည့် သတင်းစကားမှာလည်း များစွာအရေးကြီးကြောင်းကို သတိထားသင့်ပါသည်။ မိမိဒေသအတွင်းသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ၏ အဆင်ပြေချောမွေ့မှု၊ စိတ်ကျေနပ်မှုရရှိခြင်း၊ ကောင်းသတင်းဖြန့်ချိပေးမှုများမှတစ်ဆင့် ဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်နိုင်ပါရန် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာမည်ဆိုလျှင် နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်ကဏ္ဍတစ်ရပ်ဖြစ်ပြီး ပို့ဆောင်ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ ငွေကြေးစီမံခန့်ခွဲမှုစသည့် အဘက်ဘက်မှ ဟန်ချက်ညီညီဖွံ့ဖြိုးမှသာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သောကြောင့် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရန်အတွက် ခရီးစဉ်ဒေသအသီးသီးတွင် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ ဌာနအလိုက်သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ကန့်သတ်ချက်များကို ဖြေလျှော့ပေးနိုင်မှု၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းမှုတို့ဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်စတင်အရှိန်ယူရန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**ဧည့်သည်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အတွေ့အကြုံသစ်များခံစားရပြီး စိတ်ကျေနပ်မှုရရှိစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပြင်ဆင်ထားရှိရပါမည်။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများနှင့် ဆွဲဆောင်မှုများကို ပြည်တွင်းခရီးသွားဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ခရီးသွားဧည့်သည်များအတွက် ပိုမိုကောင်းမွန်သော အတွေ့အကြုံများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းခရီးသွားဧည့်သည်များ၏ ခရီးသွားအတွေ့အကြုံပုံရိပ်မှတစ်ဆင့် ဒေသတွင်းမှ ပြည်ပခရီးသွားများအား ဆက်လက်ဖိတ်ခေါ်နိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာမည်**

ခရီးသွားဧည့်သည်များအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ၌ တည်းခိုမည့်နေရာများတွင် လိုက်နာရမည့်အချက်များ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် လိုက်နာရမည့်အချက်များ၊ ဧည့်သည်များ သွားလာလည်ပတ်ရာတွင် လိုက်နာရမည့်အချက်များကို စနစ်တကျထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်မှုရှိ/မရှိ အချိန်နှင့်တစ်ပြေးညီစစ်ဆေးပြီး လိုအပ်သည့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သော ခရီးသွားနေရာများအဖြစ် အသိအမှတ်ပြုလက်မှတ်များ၊ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြန်ပေးမှသာလျှင် ခရီးသွားဧည့်သည်များ၏ ယုံကြည်မှုကို ပြန်လည်ရရှိလာမည် ဖြစ်ပါသည်။

**ပြန်လည်စတင်အရှိန်ယူ**

မြန်မာနိုင်ငံ၏ နိုင်ငံတကာခရီးသွားလုပ်ငန်း ပြန်လည်စတင်ခြင်းအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှစ၍ နိုင်ငံတကာလေကြောင်းလိုင်း ၁၀ လိုင်း စတင်ပြေးဆွဲခဲ့ပြီး ယခုအခါ လေကြောင်းလိုင်း ၁၅ လိုင်းပြေးဆွဲလျက်ရှိပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Commercial Flight များ ပြန်လည်ဆင်းသက်လာခြင်းနှင့်အတူ e-Visa (Business)၊ e-Visa (Tourist) များ ခွင့်ပြုပေးခဲ့သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံတကာခရီးသွားဧည့်သည်များ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် Inbound Tourism ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဈေးကွက်ခိုင်မာမှုရှိပြီးဖြစ်သော ထိုင်းနှင့် တရုတ်နိုင်ငံသားခရီးသည်များကို ဖိတ်ခေါ်ရန်နှင့် ၎င်းတို့လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းညှိနှိုင်းစီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်ပေါက်များ ပိတ်ထားခြင်းဖြင့် ခရီးသွားလုပ်ငန်းကို များစွာထိခိုက်စေပါသည်။ ထို့ကြောင့်

**ကဏ္ဍစုံပြင်ဆင်ဆောင်ရွက်သင့်**

ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်ကြံဆပြီး ရေရှည်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရေတို၊ ရေရှည်လုပ်ငန်းစဉ်များအရ ခရီးသွားလုပ်ငန်းတွင် အများပါဝင်ဆောင်ရွက်ခွင့် ပိုမိုရရှိစေရေး၊ တန်းတူအခွင့်အရေးရရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ခရီးသွားအရင်းအမြစ်အသစ်များ ဖန်တီးဖော်ထုတ်ရန် အားပေးတိုက်တွန်းပြီး အဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။

ပြည်တွင်းခရီးသွားဧည့်သည်များအပေါ်အခြေခံ၍ ပြည်တွင်းခရီးစဉ်ဒေသနှင့် စိတ်ဝင်စားဖွယ် ဆွဲဆောင်မှုများကို မြှင့်တင်ဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်းတွင် ဧည့်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ရန် ကျန်းမာရေးနှင့်ပတ်သက်သော နောက်ဆုံးရသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်နိုင်ရန်၊ ခရီးစဉ်ဒေသများ၌ တည်းခိုနေထိုင်ရေး၊ လှည့်လည်သွားလာရေးနှင့် အခြားဝန်ဆောင်မှုဆိုင်ရာတို့ကို Online မှ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အကူအညီပေးရန်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဈေးကွက်သို့ဝင်လာနိုင်ရေး ကူညီဆောင်ရွက်ရန်၊ နယ်စပ်ဖြတ်ကျော် ခရီးစဉ်များလည်ပတ်နိုင်ရေး အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်နေသော အခြေခံအလုပ်သမားအင်အားစုများ ပိုမိုပေါ်ပေါက်လာစေရန်၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုအဖွဲ့များ၏ အခန်းကဏ္ဍမြှင့်တင်ရန်၊

စာမျက်နှာ ၁၁ သို့ ❖

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မော်လမြိုင် | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၃၀၀၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၆၀ | ၂၃၅၀ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၃၀၉၅ |
| HSD (500 ppm) | ၂၆၄၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၈၅ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၀ | ၂၉၅၀ | ၃၇၀၀ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၂၂ | ၂၁၉၈ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (10 ppm) | ၂၆၁၂ | ၂၆၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၃၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံသည် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း ရုပ်/သံများရိုက်ကူး၍ ဈေးကွက်မြှင့်တင်ရန်၊ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ရှာဖွေခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

မိမိနိုင်ငံ၊ မိမိဒေသများ၏ ထူးခြားချက်များ၊ သဘာဝအလှတရားများကို သိရှိနိုင်စေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပသတင်းဌာနများတွင် အလေးထားကြော်ငြာသင့်ပါသည်။ ဒေသခံများနှင့်တွေ့ဆုံပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ စောင့်ရှောက်မှုလုပ်ငန်းစဉ်များကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ ပံ့ပိုးမှုနှင့် ထောက်ပံ့မှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက စုပေါင်းကူညီပေးရန် ဆောင်ရွက်ခြင်း၊ စီမံကိန်းများရေးဆွဲရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ခရီးသွားကုမ္ပဏီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ ပါဝင်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြရပါမည်။ ခရီးသွားဧည့်သည်များ စိတ်ကျေနပ်မှုရရှိစေရန် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသောလုပ်ငန်းများသည် ဝန်ဆောင်မှုများကောင်းမွန်ရပါမည်။ ရိုးရာလက်မှုပညာလုပ်ငန်းများကို ခေတ်မီနည်းပညာများ၊ ဆန်းသစ်သောအတွေးအခေါ်များနှင့် ပြုပြင်ပြီး ထုတ်လုပ်ရောင်းချရပါမည်။ တစ်နေရာတည်းတွင် အစားအသောက်များ၊ လှေလာစရာများ၊ လှုပ်ရှားမှုအစီအစဉ်များ၊ အပန်းဖြေနေရာများ စသဖြင့် အမျိုးအစားစုံလင်သော ခရီးသွားဖုန်များဖော်ထုတ်၍ ခရီးသွားဧည့်သည်များ၏စိတ်ကို ပိုမိုဆွဲဆောင်ရန် လုပ်ဆောင်ရပါမည်။ ဧည့်သည်များကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်သောအရာများဖြစ်သည့် စွန့်စားသွားလာမှုဆိုင်ရာအစီအစဉ်များ၊ လက်မှုလုပ်ငန်းများအား စီစဉ်ဆောင်ရွက်နိုင်ရန် ပြုလုပ်ထားရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ခရီးသွားဧည့်သည်များ၏ အမူအကျင့်များကိုသိရှိပြီး လိုအပ်သည်များကိုလည်း ထည့်သွင်းစဉ်းစားထားရပါမည်။

**ယုံကြည်စိတ်ချရသောခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်ရန်**

အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများနှင့် ပြည်တွင်းလေကြောင်းလိုင်းများ ဆက်သွယ်မှုလမ်းကြောင်းများ ပိုမိုကောင်းမွန်လာစေရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊ အထင်ကရခရီးစဉ်ဒေသများနှင့် ခရီးစဉ်ဒေသအသစ်များကြား လမ်းကြောင်းများ ပိုမိုကောင်းမွန်စေရေး ဖောက်လုပ်တည်ဆောက်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်မှုရှိသော အခြေခံအဆောက်အအုံများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ပြန်ကြားရေးကောင်တာများ၊ အများသုံးအိမ်သာများ စသည်တို့ကို ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုတွင် အားလုံးပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ခရီးသွားလုပ်ငန်းနယ်ပယ်အား ပိုမိုကျယ်ပြန့်လာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ခရီးစဉ်ဒေသအသစ်များ ပေါ်ထွက်လာပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းအရင်းအမြစ်များဖြစ်သော ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်ခြင်းများကို ဆောင်ရွက်ထားသင့်ပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်ဒေသများ၊ ခရီးသွားနေရာများနှင့် ခရီးသွားဆွဲဆောင်မှုများ၏ အကြောင်းအရာများ၊ အချက်အလက်များကို လွယ်ကူစွာဖတ်ရှုနိုင်ရန်၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြိုတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ထားရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ် လှေလာရေးခရီးစဉ်များနှင့် ခရီးသွားဆွဲဆောင်မှု အရင်းအမြစ်များ ထိန်းသိမ်းရန်နှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရန်၊ ဒေသထွက် အမှတ်တရများ၊ ဒေသထွက်အစားအစာများ၊ ပိုမိုကောင်းမွန်သော ထုပ်ပိုးမှုစနစ်များဖြင့် ထုတ်ကုန်များ ကျယ်ပြန့်စွာ အဆင့်မြှင့်တင် ထုတ်လုပ်ရောင်းချနိုင်စေရန်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုသင်တန်းများ၊ ဘာသာစကားသင်တန်းများ၊ ကဏ္ဍအလိုက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန်၊ အလားအလာကောင်းသော ခရီးစဉ်နေရာအသစ်များ ဖော်ထုတ်၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ဒေသတွင်းလူမှုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာရှင်များနှင့် ဘဏ္ဍာငွေအရင်းအမြစ်များ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ခြင်းဖြင့် ခရီးသွားဧည့်သည်များအတွက် ယုံကြည်စိတ်ချရသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်သွားနိုင်ရန် ပြန်လည်ကြံ့ခိုင်ဆောင်ရွက်ပြင်ဆင်ထားသင့်ပါသည်။

**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့နှင့်အတူ**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ၊ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းထားနိုင်ရေး၊ ပြည်သူလူထုအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် အပြန်အလှန်နားလည်မှုတည်ဆောက်နိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်ကျင်းပသော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ရည်ရွယ်ချက်အနှစ်သာရဖြစ်သည့် ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးရေးအတွက် အထက်ပါအကြောင်းအရာများကို နိုင်ငံတော်၏ဒေသဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့်လည်း ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းရှင်များကလည်း တီထွင်ကြံဆမှုများဖြင့် ဆန်းသစ်သော ခရီးသွားအစီအစဉ်များဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒေသခံများကလည်း မိမိတို့ဒေသ၏ ခရီးသွားဆွဲဆောင်မှုများကို အသုံးချ၍ တစ်မူထူးခြားသော ခရီးသွားအတွေ့အကြုံများ ဖန်တီးကာ ဒေသ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရပါမည်။ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးရသောလုပ်ငန်းဖြစ်ပြီး ပြောင်းလဲမှုမြန်ဆန်၍ ကဏ္ဍတစ်ခုတည်းရပ်တည်၍မရဘဲ အစိုးရ၊ လုပ်ငန်းရှင်၊ ပြည်သူများကလည်း မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျရေရှည်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့အသိုက်အဝန်းနှင့် ဒေသမှတစ်ဆင့် နိုင်ငံတော်၏ အမျိုးသားခရီးသွားလုပ်ငန်းကဏ္ဍကို ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များဖြင့် ဝိုင်းဝန်းကြံဆဆောင်ရွက်ရေးအတွက် "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" ဟူသောဆောင်ပုဒ်ဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အား ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၆၆၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၆၆၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃၈၀) တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၉၆,၄၄၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၁,၁၂၄) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ၁၅၂ ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၆,၆၅၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၅) ဦးရှိသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများဖြစ်ကြသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း(Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၈၈၀၄၅၁ | ၉၄၄၄၄၀၉၀ | ၁၀၈၁၅၆၆ |
| ၂။ | အိန္ဒိယ | ၄၄၅၆၃၃၃၇ | ၄၃၉၉၀၄၁၄ | ၅၂၈၄၈၇ |
| ၃။ | ပြင်သစ် | ၃၅၀၈၇၆၅၇ | ၃၄၄၂၄၉၅၆ | ၁၅၄၈၈၇ |
| ၄။ | ဘရာဇီး | ၃၄၆၆၆၃၈၇ | ၃၃၇၉၅၆၈၈ | ၈၈၅၈၁၆ |
| ၅။ | ဂျာမနီ | ၃၂၉၅၂၀၅၀ | ၃၂၁၀၂၁၀၀ | ၁၄၉၄၅၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၅၉၄၃၃၆ | ၂၃၆၇၈၄၀၀ | ၂၈၁၄၀ |
| ၇။ | ဗြိတိန် | ၂၃၆၂၁၉၅၂ | ၂၃၃၂၂၁၅၄ | ၁၈၉၉၁၉ |
| ၈။ | အီတလီ | ၂၂၆၂၄၅၂ | ၂၁၆၆၈၈၆၂ | ၁၇၆၈၂၄ |
| ၉။ | ဂျပန် | ၂၀၉၈၂၈၉၆ | ၂၀၂၀၂၄၈၁ | ၄၄၂၆၂ |
| ၁၀။ | ရုရှား | ၂၀၇၄၆၁၆၃ | ၁၉၇၁၀၅၉၉ | ၃၈၆၆၆၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၇၁၃၄၀ | ၁၀၅၈၆၁၉၆ | ၄၃၁၄၆ |
| ၂။ | အင်ဒိုနီးရှား | ၆၄၂၁၁၁၈ | ၆၂၄၁၁၃၈ | ၁၅၇၉၉၈ |
| ၃။ | မလေးရှား | ၄၈၂၈၂၉၀ | ၄၇၆၆၂၂၈ | ၃၆၃၄၅ |
| ၄။ | ထိုင်း | ၄၆၇၇၆၉၇ | ၄၆၃၆၉၀၈ | ၃၂၇၀၉ |
| ၅။ | ဖိလစ်ပိုင် | ၃၉၃၄၇၇၈ | ၃၈၃၉၆၉၆ | ၆၂၇၅၉ |
| ၆။ | စင်ကာပူ | ၁၈၈၇၂၀၂ | ၁၈၀၈၁၀၅ | ၁၆၀၉ |
| ၇။ | မြန်မာ | ၆၂၁၁၂၄ | ၅၉၆၆၅၈ | ၁၉၄၅၅ |
| ၈။ | ဘရူနိုင်း | ၂၂၆၂၃၇ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၆၉၁ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၃၃ | ၁၃၄၆၉၈ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၂၄ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်မြ ဦးဆောင်၍ စုစုပေါင်းတပ်ဖွဲ့ဝင် ၂၅ ဦးဖြင့် မြို့နယ်အတွင်း သာစုအရှေ့ရပ်ကွက်ရှိ သာစုပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# ထိုင်းနိုင်ငံ၌ အောက်တိုဘာ ၁ ရက်မှစပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းအချို့ ပြန်လည်ရုပ်သိမ်းမည်

**ဗန်ကောက် စက်တင်ဘာ ၂၄**

ထိုင်းနိုင်ငံ၌ အောက်တိုဘာ ၁ ရက်မှစပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းအချို့ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ထိုင်းကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို ၂၀၂၀ ပြည့်နှစ် မတ်လမှစပြီး ချမှတ်ထားကြောင်း သိရသည်။




ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် ပြည်သူဦးရေများပြားလာခြင်းနှင့် ရောဂါပြင်းထန်စွာခံစားရသည့် လူနာများ ထပ်မံမတွေ့ရှိရသည့်အတွက် အဆိုပါစည်းမျဉ်းများကို ပြန်လည်ရုပ်သိမ်းခြင်းဖြစ်ကြောင်း ထိုင်းကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ထို့ပြင် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကင်းစင်ကြောင်း သက်သေခံလက်မှတ် (သို့မဟုတ်) ကာကွယ်ဆေးထိုးနှံမှုခံယူထားသည့် သက်သေခံလက်မှတ်တို့ကို လေဆိပ်သို့ ရောက်သည့်အချိန်တွင် ပြသရန်လိုအပ်မည် မဟုတ်တော့ကြောင်း သိရသည်။

**တိုးမြှင့်သတ်မှတ်မည်ဖြစ်**

ဂျပန်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှ လာရောက်သည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်နေထိုင်ခွင့်ကာလကို ရက်ပေါင်း ၃၀ မှ ၄၅ ရက်အထိ တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မစတင်မီ ထိုင်းနိုင်ငံသို့ တစ်နှစ်လျှင် နိုင်ငံခြားသားခရီးသည် သန်း ၄၀ ခန့် လာရောက်ခဲ့ကြောင်း သိရသည်။ သို့သော် ယမန်နှစ်တွင် နိုင်ငံခြားသားခရီးသည် လေးသိန်းခန့်သာ ရှိခဲ့သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ လျော့ကျရန် နှာခေါင်းစည်းများဝတ်ဆင်ထားရန်လိုအပ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြည်သူများအား တိုက်တွန်းပြောကြားလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ နှာခေါင်းစည်းဝတ်ဆင်ရသည့် စည်းမျဉ်းကို စက်တင်ဘာ ၂၆ ရက်မှစပြီး ရုပ်သိမ်းမည်

**ဆိုးလ် စက်တင်ဘာ ၂၄**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်သည့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရသည့် စည်းမျဉ်းကို စက်တင်ဘာ ၂၆ ရက်မှစပြီး ရုပ်သိမ်းမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ဆိုသည်။

အားကစားပွဲများနှင့် ဖျော်ဖြေပွဲများကဲ့သို့သောနေရာများ၌ လူဦးရေအကန့်အသတ်ထားရှိမှုကို ပြန်လည်ရုပ်သိမ်းရန် စက်တင်ဘာ ၂၃ ရက်တွင် တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ကြေညာခဲ့သည်။

နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ် BA.5 ကူးစက်မှုသည် အထွတ်အထိပ်သို့ရောက်ရှိခဲ့ပြီးဖြစ်ကြောင်းနှင့် အခြားသောနိုင်ငံများတွင်လည်း အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရသည့် စည်းမျဉ်းကို ပြန်လည်ရုပ်သိမ်းလျက်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။

မြို့တော်ဆိုးလ်ရှိ ပြည်သူအချို့က ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို ပြန်လည်ရုပ်သိမ်းခြင်းအတွက် စိုးရိမ်ပူပန်မိပါကြောင်းနှင့် ၎င်းတို့သည် နှာခေါင်းစည်းများကို ဆက်လက်ဝတ်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အများသုံး မော်တော်ယာဉ်များ၊ မီးရထားများပေါ်နှင့် စတိုးဆိုင်များ၌ နှာခေါင်းစည်းဝတ်ဆင်ရမည့်စည်းမျဉ်းကို ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရက မေလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းအချို့ကို ဖယ်ရှားပေးခဲ့သည်။ သို့သော် လူ ၅၀ နှင့်အထက် စုဝေးခွင့်ကို ဆက်လက်ထားရှိခဲ့သည်။

နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ရောဂါ ရှိ၊ မရှိ စစ်ဆေးသည့် စည်းမျဉ်းစည်းကမ်းကို ပြန်လည်ရုပ်သိမ်းရန် တောင်ကိုရီးယားအစိုးရက စဉ်းစားသုံးသပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ယူဂန္ဓာနိုင်ငံ၌ အီဘိုလာဖြစ်ပွားသူ ၁၁ ဦးရှိလာပြီး သုံးဦး သေဆုံး

**ကမ်ပါလာ စက်တင်ဘာ ၂၄**

ယူဂန္ဓာနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ၁၁ ဦးရှိလာခဲ့ပြီး သုံးဦး သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ယူဂန္ဓာကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယူဂန္ဓာနိုင်ငံ၌ စက်တင်ဘာ ၂၃ ရက်တွင် အီဘိုလာရောဂါဖြစ်ပွားသူ လေးဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားသူပေါင်း ၁၁ ဦးရှိလာခြင်းဖြစ်ကြောင်း ယူဂန္ဓာကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

**ထိတွေ့မှုရှိခဲ့သူ ၅၈ ဦးရှိ**

ယူဂန္ဓာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် လက်ရှိတွင် အီဘိုလာရောဂါဖြစ်ပွားရာဗဟိုချက်ဖြစ်သည့် မူဘီဒီခရိုင်တွင် ရောဂါကွင်းဆက်ရှာဖွေမှုများကို လုပ်ဆောင်လျက်ရှိပြီး အီဘိုလာရောဂါဖြစ်ပွားသူများနှင့် ထိတွေ့မှုရှိခဲ့သူ ၅၈ ဦး ရှိကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံသည် အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယူဂန္ဓာကျန်းမာရေးဝန်ကြီးဌာနသည် ရောဂါကူးစက်မှုထိန်းချုပ်ရေး အစီအမံများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် မူဘန်ဒီခရိုင်တွင် အမျိုးသားလုပ်ငန်းအဖွဲ့အစည်းအဝေး တစ်ရပ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တောင်ဆူဒန်၊ ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့တွင်လည်း အီဘိုလာရောဂါဆိုင်ရာသတိပေးမှုများ ထုတ်ပြန်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၉ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၇၅၉ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၆၉၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၃၄၇၇၈ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၂၃၂ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၃၅၄ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၉ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ရေကြီးရေလျှံမှုကြောင့် ၁၀ ဦး ထပ်မံသေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း မိုးရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရုတ်တရက် ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး ၁၀ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းသို့ ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် သေဆုံးခဲ့သူများထဲတွင် ကလေးငယ် လေးဦးနှင့် အမျိုးသမီး နှစ်ဦး ပါဝင်ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

**ရေကြီးရေလျှံမှုဒဏ် အခံရဆုံးဖြစ်**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်သည် ရေကြီးရေလျှံမှုဒဏ် အခံရဆုံးဖြစ်ပြီး ခြောက်ဦးသေဆုံးကာ ၎င်းနောက်တွင် ဆင်းပြည်နယ်တောင်ပိုင်းက လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၆၀၆ ဦးရှိကာ ၁၂၈၆၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်စုစုပေါင်း ၂၀၁၆၀၂၅ လုံးပျက်စီးခဲ့ပြီး တိရစ္ဆာန်အကောင်ရေ ၁၀၆၇၂၄၁ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စက်မှုကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ၊ စက်လှေများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ကတ္တီပါမျှော့ကြိုး ကီလိုဂရမ် ၁၃၆၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၅၅၂၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အီလက်ထရောနစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၅၀၀၀၀ )ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၃၀၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၂၁ ရက်နှင့် ၂၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ဟင်းသီးဟင်းရွက်ဆီများ ၁၁၁၆ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၅၀၀၀) နှင့် အဆိုပါစားသုံးဆီများ တင်ဆောင်လာသော ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကမ်းခြေစောင့်တိုက်ရေယာဉ် ၄၂၅ က နယ်မြေရှင်း တိုက်ကင်းလှည့်နေစဉ် ခိုကျွန်းမြောက်ဘက် ၁ ဒသမ ၈ မိုင်ခန့်အကွာတွင် မြန်မာရှပ်ဆွဲလှေတစ်စင်းနှင့် ခိုကျွန်းအရှေ့မြောက်ဘက် ၂ ဒသမ ၄ မိုင်ခန့် အကွာ၌မြန်မာရှပ်ဆွဲလှေတစ်စင်းတို့သည် ပင်လယ်ရေအောက်ကြမ်းပြင်ကို ပျက်စီးစေနိုင်သော တားမြစ်ကိရိယာဖြစ်သည့် သံခြင်းအသုံးပြု၍ ရှပ်/ခရုများ ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါ မြန်မာရှပ်ဆွဲလှေနှစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် စက်တင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က တရားမဝင် လိုင်စင်မဲ့ ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၀၀၀၀) ကို လည်းကောင်း၊ ကလေးမြို့ အဝင် ဆိုင်းဘုတ်အနီး၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင် လိုင်စင်မဲ့ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၀၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်၌ တရားမဝင် ကညင်သစ်ခွဲသား(သုည ဒသမ ၁၈၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၃၁၅၀၅၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် ဟိုပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၄

တပ်ကုန်းမြို့နယ်၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် ဟိုပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ကျမော့၊ အားချဲန်၊ ခနော့ကွန်(ခ)ကွန်နှင့် ကျာရှဲတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် တပ်ကုန်းမြို့နယ် အောင်မြေကျေးရွာအုပ်စု ဒရောက်ကူး ကျေးရွာအနီးတွင် မြင့်ငွေမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် အဆိုပါနေရာ၌ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ စိန်ရိုးအား ဆိုင်ကယ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် နောင်ခမ်းကန်ပတ်လမ်းတွင် ဇော်ဇော်ဝင်း(ခ)အိုက်ဇော် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

အလားတူ စက်တင်ဘာ ၂၂ ရက် ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် ကျမော့ မောင်းနှင်ပြီး အားချဲန် လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့် (Happy Water) ၁ ဒသမ ၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၁၀ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ ၎င်းတို့ငှားရမ်းနေထိုင်သည့် အိမ်အမှတ်(ဆခ/၁၉၀)သို့ သွားရောက် စစ်ဆေးရှာဖွေရာ ကျာရှဲနှင့် ခနော့ကွန်(ခ)ကွန်တို့အား တွေ့ရှိရပြီး ကက်တမင်း သုည ဒသမ ၅ ကီလို၊ အိုက်စ် သုည ဒသမ ၈၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ နှင့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့်(Happy Water) ၂ ဒသမ ၃၄၅ ကီလို ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံ(အရှေ့)ကျေးရွာအုပ်စု ကျူယုံးကျေးရွာအနီး ပင်လုံ-လဲချားသွားကားလမ်းတွင် စိုင်းမေထာ မောင်းနှင်ပြီး စိုင်းလောင်ဆိုင်၊ စိုင်းစွမ်ဝမ်းနှင့် မနန်းယိင်းတို့လိုက်ပါလာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၂ ဒသမ ၇ ကီလို ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နယ် ဖတ်ဟာကျေးရွာ အုပ်စု ဖာကျွတ်(လွယ်လ) ကျေးရွာနေ ငို့ဆီး၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ၊ ဘိန်းဖြူ သုည ဒသမ ၀၁၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

❖

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၉-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၀ သတင်းသမားပြောတဲ့သတင်းစကား
- ၀၉:၂၀ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် အပေါ်လေ့လာသုံးသပ်ခြင်း(အပိုင်း-၁)
- ၁၀:၀၀ 'ဂုဏ်ယူညွှန့်ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှု (အုပ်စု-၁)(ပွဲစဉ်-၄)
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္တဝင်ရုပ်ရှင် 'ပန်းပန်လျက်ပါ' (ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ငွေ)
- ၁၆:၃၅ 'တိုင်းခင်' ဝံ့ရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
- ၁၆:၄၅ Sports Diary
- ၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို'(အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် အပေါ်လေ့လာသုံးသပ်ခြင်း(အပိုင်း-၂)
- ၂၁:၂၀ ကြွေလည်းဝေမြဲတမ်းတဆဲ
- ၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် 'ငစက်ရိုးနှင့် သူငယ်ပယ်' (ကျော်ရဲအောင်၊ မိုမိုမြင့်အောင်)

### mitv

- 07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Myanmar Marionette
- 07:33 Myanmar Traditional Instruments (MYANMA DRUM)
- 08:01 News
- 08:29 Myanmar Traditional Cart Business
- 08:50 Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
- 09:01 Myanmar Traditional Food: Mohinga
- 09:21 Today Myanmar
- 09:57 Kid's Home
- 10:27 Global Partnership for Brighter Future: Poland Pavilion at Expo 2020 Dubai
- 10:35 Ancient Historical Kakku Pagoda
- 09:44 Wushu Kids & Their Limit (Ep-3)

### MRTV NRC

- အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) စားချင်စရာဝဥဟင်းအရသာ
- ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
- ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀) တောင်ပေါ်ဒေသချောင်းကလေးမှ
- မွန် (၀၉:၀၀ မှ ၁၁:၀၀) မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
- ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ထုတ္တန့်သိမ်ပုထိုးတော်ကြီး
- ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ
- ဝ (၁၅:၀၀ မှ ၁၇:၀၀) မာလာငါးပေါင်းပြုလုပ်နည်း
- ကချင် (၁၇:၀၀ မှ ၁၉:၀၀) ဝဥစိုက်ကြမယ်
- ကယား (၁၉:၀၀ မှ ၂၁:၀၀) စားချင်စဖွယ်တို့ရိုးရာဟင်း
- ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀) သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)
- အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ကရင့်ရိုးရာစောင်းတူရိယာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ News Desk
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ Weekly Selected News
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၀ သုတဝေစည်တောင်သူဆီ
- ၀၇:၁၀ ချိုချဉ်ပန်ဒါးစုံလင်လုတဲ့ကော်ဖီသီးနံ့အလှ
- ၀၇:၃၅ မွေးမြူရေးရာအဖြာဖြာ
- ၀၈:၀၀ စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်ကကိုရုံတောင်ကျေးရွာဆီ
- ၀၈:၅၀ ကျန်းမာရေးအတွက်ရည်ရွယ် ဓာတုကင်းလွတ်သီးနှံစိုက်ပျိုးမယ်
- ၀၉:၅၀ မြကျောက်သရက်တို့ရှင်သန်ရာမြေ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက သံဃာတော်နှစ်ပါးအား "သတင်းပေး၊ ဒလန်"ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မောက်ကြိုးကျေးရွာရှိ ရင်းကျောင်းဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဥူးပုညသီရိ (၃၇)နှစ် ဝါတော်(၁၈)ဝါသည် ကျန်းမာရေးမကောင်းသဖြင့် မုံရွာမြို့သို့ ဆေးသွားရောက်ကုသရန်အတွက် အဆိုပါကျေးရွာနေ မောင်ထက်မြတ်နိုင် (၂၀)နှစ် (ဘ) ဦးမင်းစောထွေးနှင့်အတူ ဘုန်းကြီးကျောင်းပိုင်မော်တော်ယာဉ်ဖြင့် အရာတော်-မုံရွာကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာသင်္ချိုင်းအနီးအရောက်၌ PDF အကြမ်းဖက်သမား ၃၀ ခန့်က ဆရာတော်စီးနင်းလာသည့်မော်တော်ယာဉ်အား တားဆီးကာ ဆရာတော်အား "သတင်းပေး၊ ဒလန်"ဟုစွပ်စွဲ၍ ဘုန်းကြီးကျောင်းပိုင်မော်တော်ယာဉ်နှင့်အတူဖမ်းဆီးခေါ်ဆောင်သွားပြီး မောင်ထက်မြတ်နိုင်အား ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီခန့်တွင် ကန့်ဘလူမြို့နယ် အင်္ဂါထောင့်ကျေးရွာ ရွှေအင်းဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဥူးသောဘဏ (၅၃)နှစ် ဝါတော်(၃၃)ဝါ (ခမည်းတော်) ဦးဖိုးခွေးသည် ဘုန်းကြီးကျောင်းအတွင်း၌ ဆရာတော်၏အစ်ကိုဖြစ်သူ ဦးညိုမောင်(၇၈)နှစ်နှင့် ဆရာတော်၏ယာဉ်မောင်း ဦးကျော်ထွန်းဦး(၄၀)နှစ် (ဘ)ဦးဖိုးချစ်တို့နှင့်အတူ ရှိနေစဉ် ဘုန်းကြီးကျောင်းအတွင်းသို့ သေနတ်များ၊ ဓားများကိုင်ဆောင်ထားသည့် PDF အကြမ်းဖက်သမား ၆၀ ခန့်က ဝင်ရောက်လာပြီး ဆရာတော် ဦးသောဘဏ၊ ဦးညိုမောင်နှင့် ဦးကျော်ထွန်းဦးတို့ သုံးဦးအား "သတင်းပေး၊ ဒလန်"ဟုစွပ်စွဲ၍ ဖမ်းဆီးပြီး ဘုန်းကြီးကျောင်းပိုင်ယာဉ်အမှတ် (စိစစ်ဆဲ) Kluger အမျိုးအစား အနက်ရောင်မော်တော်ယာဉ်ပေါ်တင်ဆောင်၍ ခေါ်ဆောင်သွားကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါ ဖြစ်စဉ်များမှ PDF အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် သာသနာ့နွယ်ဝင် သံဃာတော်နှစ်ပါးအား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသမီးတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေငံကျေးရွာအုပ်စု ရွှေပေါ်ကျွန်းကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများရောက်ရှိနေကြောင်း အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရသည်။

အဆိုပါနေရာသို့ စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ရွှေပေါ်ကျွန်းကျေးရွာကိုင်းတောစပ်သို့အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ရာ အကြမ်းဖက်သမားများ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းနေရာရှိ တံတားအောက်ရေမြောင်းထဲ၌ PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦးအား ကျည်ထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အမျိုးသမီးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးရာနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက် ချေမှုန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပခုက္ကူမြို့၌ ရွှေထည်ပစ္စည်းမျိုးစုံအလေးချိန် ၅၀ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို PDF အကြမ်းဖက်သမားလေးဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်





နေပြည်တော် စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် မြို့မဈေးအနောက်ဘက်တန်း လမ်းတွင် ဖွင့်လှစ်ထားသည့် "ဦးသိန်းမောင်+ဒေါ်ရင်မေသားသမီးများ" ရတနာရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅၀ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို PDF အကြမ်းဖက်သမား လေးဦးက သေနတ်ပြ ခြိမ်းခြောက်ကာ လုယက်ယူဆောင်ခဲ့ကြောင်း သိရသည်။

### လုယက်ယူဆောင်

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် ပခုက္ကူမြို့ (၁)ရပ်ကွက် မြို့မဈေးနောက်ဘက် တန်ဆောင်းတန်းလမ်းရှိ "ဦးသိန်းမောင်+ဒေါ်ရင်မေ သားသမီးများ" ရတနာရွှေဆိုင်၌ ဒေါ်ရင်မေ၏တူဖြစ်သူ ဦးအောင်နိုင်ဦး (၄၇)နှစ် (ဘ)ဦးစံတင်ပါဝန်ထမ်း ခြောက်ဦးက ရွှေထည်ပစ္စည်းများ ရောင်းချနေစဉ် ဆိုင်အရှေ့သို့ နှာခေါင်းစည်းကိုယ်စီတပ်ဆင်ထားသည့် PDF အကြမ်းဖက်သမား လေးဦး(စိစစ်ဆဲ)က ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်း ဝင်ရောက်ကာ သေနတ် ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမား သုံးဦးက ဦးအောင်နိုင်ဦးနှင့် ဆိုင်ဝန်ထမ်းများအား သေနတ်ဖြင့်ခြိမ်းခြောက်၍ ဆိုင်အတွင်း ထိုင်ခိုင်းထားပြီး ကျန်တစ်ဦးက ဆိုင်အတွင်း ရောင်းချရန် ခင်းကျင်းပြသထားသည့် ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅၀ ကျပ်သားခန့်နှင့် ငွေသိမ်းကောင်တာ အတွင်း သိမ်းဆည်းထားရှိသည့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို လုယက်ယူဆောင်ကာ အမှတ်(၉)ရပ်ကွက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်း

သထုံ စက်တင်ဘာ ၂၄

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနအသီးသီးမှ ဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယမန်နေ့မွန်းလွဲပိုင်းက မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို လိုက်လံဆောင်ရွက်ခဲ့ကြသည်။

မိုဘိုင်းစာကြည့်တိုက် ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## မအူပင်မြို့နယ်၌ ဆန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

မအူပင် စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာအုပ်စု ဝင်းမေတ္တာဆန်စက်ရှေ့တွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ယနေ့နံနက် ၈ နာရီမှစတင်၍ ဒေသခံပြည်သူများအား ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဆန်ရောင်းချပေးခြင်းအစီအစဉ်တွင် အိုင်ဝိုင်းကျေးရွာနေပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဆန်စက်လုပ်ငန်းရှင်များပူးပေါင်း၍ ဆန်အိတ် ၂၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေး၏ ဦးဆောင်မှုဖြင့် မြက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို မိုင်းရှူးခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၆၃ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၈၇ ဦး စုစုပေါင်းအင်အား ၁၅၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ အမေး/အဖြေများ

(ယမန်နေ့မှအဆက်)

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအသစ်နှင့်ပတ်သက်၍ ယခင်ဥပဒေအတိုင်း ပြည်သူများကို မူကြမ်းအနေဖြင့်ချပြရန် အစီအစဉ်ရှိ၊ မရှိနှင့် တချို့သောနိုင်ငံရေးအင်အားစုများအနေဖြင့်လည်း ဥပဒေအသစ်ကို စောင့်ဆိုင်းနေရသည်ဖြစ်သည့်အတွက် ကာလအားဖြင့် မည်မျှကြာမည်ကို သိလိုကြောင်းမေးမြန်းသည်။

**ပိုမိုပြည့်စုံကောင်းမွန်စေရန်ဆောင်ရွက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအသစ်နှင့် နည်းဥပဒေအသစ်တို့ကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ပြောကြားလိုသည်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများသည် ယခင်ကတည်းက ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ယင်းတို့ကို ယခင်ပြီးခဲ့သည့် ရွေးကောက်ပွဲအတွေ့အကြုံများအပေါ်တွင် မူတည်၍လည်းကောင်း၊ နိုင်ငံရေးပါတီများ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်ပြီးလည်းကောင်း ပိုမိုပြည့်စုံကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတည်ထောင်သည့်ကိစ္စ၊ နိုင်ငံရေးပါတီများအင်အားစုဖွဲ့ခြင်းနှင့် ရန်ပုံငွေစာရင်းထားရှိသည့်ကိစ္စ၊ နိုင်ငံရေးပါတီရုံးခန်းများတည်ထောင်သည့်ကိစ္စ၊ နိုင်ငံရေးပါတီလုပ်ငန်းများ ဆောင်ရွက်သည့်ကိစ္စများတွင် ပိုမိုကောင်းမွန်စေရန်အတွက် လိုအပ်သည်များ ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စိစစ်မှုများဖြင့် အဆင့်ဆင့်လုပ်ဆောင်၍ ဥပဒေပြုရေး လုပ်ငန်းစဉ်များအား ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများထံ သီးခြားအကြံပြုချက် တောင်းခံရန်မရှိကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များအတိုင်း စနစ်တကျစိစစ်ပြီး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က ၂၀၁၀ ရွေးကောက်ပွဲအပြီး သမ္မတကြီး ဦးသိန်းစိန်က နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ အလားတူ ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် သမ္မတဦးထင်ကျော်က နိုင်ငံတော်သမ္မတတာဝန်ယူခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတသော်လည်းကောင်း၊ ဒုတိယသမ္မတသော်လည်းကောင်း တစ်ဦးတစ်ယောက် အနားယူခဲ့လျှင် ရက်ပေါင်း ၃၀ အတွင်း လစ်လပ်သည့်နေရာအား ပြန်လည်ရွေးချယ်ရမည်ဟု ပါရှိကြောင်း၊ ထိုသို့ဆိုလျှင် သမ္မတနေရာအား ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက ခေတ္တတာဝန်ထမ်းဆောင်ပြီး ဒုတိယသမ္မတ (၂) က ဒုတိယသမ္မတ (၁) နေရာအား ထမ်းဆောင်ရကြောင်း၊ ထို့ကြောင့် လစ်လပ်သွားသည်မှာ ဒုတိယသမ္မတ (၂) နေရာဖြစ်ကြောင်း၊ အမှန်တကယ် ရွေးချယ်ရာတွင် ဒုတိယသမ္မတများ အားလုံးအထဲမှ မဲပေးသည့်စနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်း၊ ဒုတိယသမ္မတ (၁) ဖြစ်သည့် ဦးမြင့်ဆွေသည် ဒုတိယသမ္မတ (၂) ဖြစ်သွားခဲ့ပါက ပြောစရာဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် ယခုလာမည့် ရွေးကောက်ပွဲအပြီးတွင် ယင်းကိစ္စများနှင့်ပတ်သက်ပြီး ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်




Myanmar National Post မှ
အယ်ဒီတာချုပ် နောင်တော်လေး

တိုင်းရင်းသားရေးရာဝန်ကြီး/ လူမျိုးစုကိုယ်စားလှယ်များရှိကြောင်း၊ ဥပမာ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် ဗမာတိုင်းရင်းသားဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးသည် ၂၀၁၈ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် အနားယူနုတ်ထွက်ခဲ့ကြောင်း၊ သမ္မတနှင့် ဒုတိယသမ္မတများအား ရက်ပေါင်း ၃၀ အတွင်း ပြန်လည်ရွေးချယ်ရမည်ဟု အခြေခံဥပဒေတွင် ဆိုထားကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများအား ပြန်လည်ရွေးချယ်ရန် ကာလ အကန့်အသတ်မရှိခြင်းကြောင့် အဆိုပါကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်မှာ နှစ်နှစ်ခွဲကျော်ကြာအထိ မရှိခဲ့ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားများအနေဖြင့် များစွာနစ်နာခဲ့ရကြောင်း၊ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး လစ်လပ်သွားသည်ဆိုပါက ပြည်နယ်အစိုးရဝန်ကြီးချုပ်က ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ အဖွဲ့ခွဲထံ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး လစ်လပ်သွားကြောင်း အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ အကြောင်းကြား တင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လစ်လပ်သွားသည့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနေရာအား မည်သည့်ကာလတွင် ပြန်လည်ရွေးချယ်ပေးမည် ဆိုသည့် သတ်မှတ်ချက်အား ထွက်ရှိလာမည့်ဥပဒေအသစ်တွင် ဖြည့်စွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိလိုကြောင်းမေးမြန်းသည်။


**နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကိစ္စ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးသည့် မေးခွန်းနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းခွဲခြား၍ ဖြေကြားလိုကြောင်း၊ ပထမအပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ အစားထိုးရွေးချယ်တင်မြှောက်သည့်ကိစ္စဖြစ်ပြီး ဒုတိယအပိုင်းသည်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာဝန်ကြီး အစားထိုးရွေးချယ်တင်မြှောက်ခြင်းကိစ္စတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကိစ္စနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃) ပုဒ်မ ၇၃ တွင် တိတိကျကျ ရှင်းရှင်းလင်းလင်း



တဲ့ပြောမီဒီယာမှ အယ်ဒီတာချုပ်
ဦးဇော်မင်းဦး

ဖော်ပြထားကြောင်း၊ ဒုတိယသမ္မတများသည် အစုအဖွဲ့သုံးခုဖြစ်ပြီး တပ်မတော်သားအစုအဖွဲ့၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့များက ဒုတိယသမ္မတတစ်ယောက်စီ ရွေးချယ်တင်မြှောက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အထဲမှ ပြည်ထောင်စုလွှတ်တော်တွင် သမ္မတနေရာအား ရွေးချယ်တင်မြှောက်ရခြင်းဖြစ်ကြောင်း၊ လစ်လပ်သွားသည့်နေရာများအတွက် မည်သို့လုပ်ဆောင်ရမည်ကို ပြဋ္ဌာန်းချက် တိတိကျကျပြည့်ပြည့်စုံစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃) ပုဒ်မ ၇၃ တွင် ပါရှိပြီးဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးသည် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွင် ပါဝင်သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ယင်းလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သွားပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ပါပြီးဖြစ်ကြောင်း၊ လွှတ်တော်တွင်တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သွားခဲ့ပါက ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ပါရှိပြီးဖြစ်ကြောင်း၊ သို့သော်လွှတ်တော်၏ ပထမငါးနှစ်သက်တမ်းတွင် ပထမတစ်နှစ်နှင့် ပဉ္စမနှစ်တို့တွင် ဆောင်ရွက်ခြင်းမပြုရဟု ဥပဒေတွင် ပါရှိကြောင်း၊ ထို့ကြောင့် ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များတွင် ဆောင်ရွက်ရမည့်အနေအထားမျိုးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လစ်လပ်သည့် စာရင်းများအား သက်ဆိုင်ရာလွှတ်တော်များနှင့် ကော်မရှင်အဖွဲ့ခွဲများကလည်း မိမိတို့ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့သို့ပေးပို့ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် ယင်းစာရင်းများကို ရရှိကြောင်း၊ ယင်းစာရင်းများကို စုစည်းပြီး သင့်လျော်သည့်အချိန်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းနည်းဖြင့်သာ ရွေးကောက်တင်မြှောက်ရမည် ဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ အချိန်ကာလတစ်ခု စောင့်ဆိုင်းရခြင်း၊ ချက်ချင်း ရွေးကောက်တင်မြှောက်ခြင်း မပြုခြင်းတို့ကြောင့် နစ်နာမှုများရှိသည်ဟုပြောခြင်းလည်းရှိပါကြောင်း၊ ယင်းအခြေ



Myanmar Public Press မှ
အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်

အနေပေါ်မူတည်ပြီး ဥပဒေနှင့်အညီ လိုအပ်သလို အစားထိုးရွေးကောက်တင်မြှောက်ခြင်းကိုကြားဖြတ်ရွေးကောက်ပွဲများနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ယင်းကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်မရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ ပုဒ်မခွဲ (က)အရ လွှတ်တော်သက်တမ်းများ ကုန်ဆုံးသည့်အခါ အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည့်အတွက် ဤကာလတွင် လွှတ်တော်လည်း ဖျက်သိမ်းပြီးဖြစ်သည့်အတွက် ဆောင်ရွက်ရန်မရှိကြောင်း ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်**က လာမည့်ရွေးကောက်ပွဲတွင် မဲမသမာမှုမဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သို့ကြိုတင်ဆောင်ရွက်ထားသည်ကို သိလိုကြောင်းနှင့် ပြည်သူလူထုအကြား PR စနစ်ကို နားလည်စေရန် မည်သို့ဆောင်ရွက်သွားမည်ကို သိလိုကြောင်းမေးမြန်းသည်။

**မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းစိစစ်ခြင်းအပိုင်းတို့ကို စနစ်တကျရေးဆွဲ၍ ပြင်ဆင်ထား**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့်ပတ်သက်၍ မဲစာရင်းများဖောင်းပွမှုရှိကြောင်း၊ မဲနှစ်ကြိမ်ပေးခြင်း၊ ကိုယ်စားမဲပေးခြင်း၊ အယောင်ဆောင်မဲပေးခြင်း၊ အသက် (၁၈) နှစ်မပြည့်ဘဲမဲပေးခြင်း စသည့် မဲမသမာမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် နောက်နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ယင်းကိစ္စများနှင့် အခြေခံမဲစာရင်း မှန်ကန်ရေးအတွက် ဥပဒေထဲတွင် မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းစိစစ်ခြင်းအပိုင်းတို့ကို စနစ်တကျရေးဆွဲ၍ ပြင်ဆင်ထားကြောင်း၊ မှားယွင်းစွာမဲဆွယ်စည်းရုံးလျှင်လည်း ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်နိုင်သည့်အတွက် မဲဆွယ်စည်းရုံးခြင်းအခန်းဆိုပြီး အခန်းတစ်ခန်းထည့်သွင်းထားကြောင်း၊ သို့မှသာ မဲဆွယ်စည်းရုံးရာတွင်လည်း စနစ်တကျဖြစ်မည်ဖြစ်ကြောင်း၊ အလားတူ မဲပေးရာတွင်လည်း စနစ်တကျရှိစေရေးအတွက် မည်သို့မဲပေးမည်၊ မည်သို့မဲရေတွက်မည်ဆိုသည့် အပိုင်းများကိုလည်း ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းထားကြောင်း၊ ယင်းတို့အပြင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်၊ မဲမသမာမှုများနှင့်



ခေတ်ပုံရိပ်ဂျာနယ်မှ
သတင်းထောက် ဦးဝင်းနိုင်

ပတ်သက်၍ အရေးယူသည့်အစီအစဉ်များတွင် အကြီး/ အသေး၊ အလေး/ အပေါ့ အပေါ်မူတည်၍ ထိုက်သင့်သည့် ပြစ်ဒဏ်များချမှတ်ရန် ဆောင်ရွက်ထားကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကြောင့် မဲရုံများတွင် ဖြစ်ပေါ်နိုင်သည့် မဲမသမာမှုဖြစ်စဉ်များကို လျှော့ချနိုင်ရန် ဥပဒေမူဘောင်အရ လိုအပ်သည်များကို ဆောင်ရွက်ထားကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် သတင်းထောက်ကြီးမေးသကဲ့သို့ပြောင်းလဲကျင့်သုံးမည့် PR စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက်ပါ အားလုံးထည့်သွင်းပြင်ဆင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်မှ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို သွားခြင်းကြောင့် ယင်းစနစ်ကို ကောင်းစွာ ဖော်ဆောင်နိုင်မည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး မဲမသမာမှုများမဖြစ်စေရေးအတွက် ဆောင်ရွက်ထားရှိကြောင်း၊ PR စနစ်ဖြင့်ပတ်သက်ပြီး မိမိအနေဖြင့် အစောပိုင်းတွင်လည်း တင်ပြထားပြီးဖြစ်ကြောင်း၊ ယင်း PR စနစ်နှင့်ပတ်သက်ပြီး မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်ပိုင်မီဒီယာများ၊ သတင်းစာများတွင် ဆောင်းပါးများ ဖော်ပြထားရှိကြောင်း၊ အလားတူ Talk Show များကိုလည်း TV အစီအစဉ်များတွင် ထည့်သွင်းပြသလျက်ရှိကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ တင်ပြထားသည့်စာအုပ်များကို ထုတ်ဝေဖြန့်ချီလျက်ရှိကြောင်း၊ ထို့အတူ မဲရုံသရုပ်ပြအစီအစဉ်များနှင့် ပတ်သက်၍လည်း ရိုက်ကူးနေကြောင်း၊ အလားတူယင်းကိစ္စနှင့် ပတ်သက်သည့် တေးသီချင်းများ၊ တေးသရုပ်ဖော်များကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း၊

စာမျက်နှာ ၁၇ သို့ ☆

☆ **စာမျက်နှာ ၁၆ မှ**

ပြည်သူလူထုကို PR စနစ်နှင့်ပတ်သက်၍ ရွေးကောက်ပွဲကာလနီးပါက မီဒီယာများမှတစ်ဆင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားသည်။

**ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်**က PR စနစ်နှင့် ပတ်သက်၍ ပြည်သူလူထုနားလည်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အသိပညာပေးမှုများပြုလုပ်သွားရန် အစီအစဉ်ရှိ/ မရှိ သိလိုကြောင်းမေးမြန်းသည်။

**အချက်အလက်ခိုင်ခိုင်မာမာ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် မဲဆန္ဒရှင်များကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အချိုးကျကိုယ်စားပြု PR စနစ်ကို ကျင့်သုံးပြီး လာမည့်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မဲပေးသည့်လုပ်ငန်းစဉ်တွင် PR နှင့် FPTP စနစ်သည် များစွာကွာခြားမှုမရှိကြောင်း၊ ရရှိသည့်မဲရလဒ်များကို အချိုးကျကိုယ်စားလှယ်တွက်ချက်၍ ရလဒ်ထုတ်ပြန်သည့်အခါမှသာ FPTP နှင့် PR စနစ်တို့ ကွာခြားမှုရှိမည်ဖြစ်ကြောင်း၊ PR နှင့်ပတ်သက်သည့် ဆောင်းပါး ၃၈ ပုဒ်ခန့်ကို နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြထားကြောင်း၊ ထို့အတူ PR စနစ်နှင့်ပတ်သက်သည့် စကားဝိုင်းအစီအစဉ်များကိုလည်း ရုပ်မြင်သံကြားတွင်ထုတ်လွှင့်ပြီးဖြစ်သလို ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာနှင့်ပတ်သက်သည့် ထုတ်ဝေပြီးစာအုပ်လေးအုပ်တွင်လည်း PR နှင့်ပတ်သက်သည့် စာအုပ်သုံးအုပ်ပါရှိကြောင်း၊ ယင်းတို့ကို လေ့လာခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ အတည်ပြုထုတ်ပြန်ပြီးပါက ယခုထက်ပိုပြီး အချက်အလက်ခိုင်ခိုင်မာမာ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် မဲဆန္ဒရှင်များကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားသည်။

**မြန်မာသံတော်ဆင့် ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး**က စက်တင်ဘာ ၁၅ ရက်နေ့တွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေရှိ မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်း၊ မဲရုံလျာထားမှုများနှင့် ပတ်သက်၍ အစည်းအဝေးပြုလုပ်ခြင်း သတင်းများကို တွေ့မြင်ရကြောင်း၊ နေပြည်တော်တွင်ရှိသည့် ဝန်ထမ်းအိမ်ရာများ၊ သပြေဆောင်၊ သဇင်ဆောင်တို့တွင် နေသူများသည် ပုံစံ-၆၆ မပေါက်ခြင်းများ ပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲတွင် နေပြည်တော်ရှိဝန်ထမ်းများကို မဲပေးနိုင်ရေးအတွက် လွယ်ကူစွာဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရကြောင်း၊ နေပြည်တော်တွင် ရှိသည့်ဝန်ထမ်းများသည် ၎င်းတို့နေထိုင်ခဲ့သောဒေသတွင်ရှိသည့် မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်ပတ်သက်နေခြင်းကြောင့် မဲစာရင်းများ နှစ်နေရာထပ်နေကြောင်း၊ နေပြည်တော်တွင် မဲထည့်ခြင်းကြောင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်/ကျေး မဲဆန္ဒနယ်မြေများ၌ လာရောက်မဲထည့်ခြင်း မရှိသည့် မဲဆန္ဒရှင်များကိုယ်စား NLD မှ ခန့်ထားသည့် ရပ်/ ကျေး မဲရုံတာဝန်ရှိသူများက ၎င်းတို့အစီအစဉ်ဖြင့် မဲထည့်ခြင်းများကြောင့် မဲစာရင်းထပ်ခြင်းများရှိခဲ့သည်ဟုသိရကြောင်း၊ ယင်းဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပွားစေရန် လာမည့်ရွေးကောက်ပွဲတွင် မည်သို့ပြင်ဆင်ထားသည်ကိုသိလိုကြောင်းနှင့် နေပြည်တော်တွင်ရှိသည့် သဇင်ဆောင်၊ သပြေဆောင်တို့မှဝန်ထမ်းများ၊ အိမ်ရာများတွင်ရှိသည့် ဝန်ထမ်းများ ဆန္ဒမဲပေးနိုင်ရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

**မဲဆန္ဒရှင်စာရင်းများ မထပ်စေရန် အလေးထားဆောင်ရွက်သွားမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယင်းကိစ္စနှင့်ပတ်သက်၍ နှစ်ပိုင်းခွဲ၍ ဖြေကြားလိုကြောင်း၊ တစ်ပိုင်းမှာ ပုံစံ-၆၆/၆ မရှိသည့် ဝန်ထမ်းများ မဲပေးရေးကိစ္စဖြစ်ပြီး နောက်တစ်ပိုင်းမှာ မဲစာရင်းမထပ်စေရေး မည်သို့လုပ်ဆောင်မည်ဆိုသည့် အပိုင်းများပင်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကိစ္စကိုပြန်လည်တင်ပြလိုကြောင်း၊ အဆိုပါရွေးကောက်ပွဲမဲစာရင်းများတွင် မှတ်ပုံတင်မရှိသည့် လူဦးရေမှာ လေးသန်းကျော်ရှိကြောင်း၊ မဲစာရင်းနှစ်ကြိမ်၊ သုံးကြိမ်ထပ်နေပြီး တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်



မြန်မာသံတော်ဆင့်ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး

အလိုက် Cross Check အရ ထပ်နေသူများ၊ အသက် (၁၀၀) ကျော်ရှိသူများ၊ အသက် (၁၈) နှစ် မပြည့်သူများအပါအဝင် စုစုပေါင်း ၁၁ ဒသမ ၀၃ သန်းခန့်ရှိသဖြင့် မဲဆန္ဒရှင်စုစုပေါင်း၏ ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်မှုနှင့် မဲဆန္ဒရှင်စာရင်းများ မထပ်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ ဆောင်ရွက်ရခြင်းများရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် မှတ်ပုံတင်၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရစသည်ဖြင့် အသိအမှတ်ပြုကတ်တစ်ခုခုရှိမှသာ မဲပေးခွင့်ရရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် နေထိုင်ကြောင်း သက်သေအထောက်အထားဖြစ်သည့် ပုံစံ-၆၆/၆ ရှိသူများကိုသာ မဲစာရင်းတွင်ပြုစုထားကြောင်း၊ အဆိုပါ ပုံစံ-၆၆/၆ မပါရှိသူများကို ဥပဒေနှင့်အညီ စာရင်းပြုစုနိုင်ရေး ဝန်ကြီးဌာနနှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မှတ်ပုံတင်ရှိရမည်၊ ပုံစံ-၆၆/၆ ရှိမှသာ မဲစာရင်းတွင်ပါပြီး မဲပေးခွင့်ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူများအားလုံးလိုက်နာရမည့်ဥပဒေဖြစ်သောကြောင့် အခြားမဲဆန္ဒရှင်များနည်းတူ လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို အကြောင်းကြားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မဲစာရင်းများမထပ်စေရန် မြေပြင်လူဦးရေစာရင်းကောက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန လူဦးရေစာရင်းများကို တိုက်ဆိုင်စစ်ဆေးပြီး ဥပဒေနှင့်ညီသည့် လူဦးရေစာရင်းကို ကနဦးမဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းစနစ်(Initial Voter List Scrutinizer – IVLS Software) တွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ပေးပြီး ပြန်လည်စိစစ်၍ Feedback ပြန်ပေးသည်များနှင့် Update လုပ်ပြီး ပြည့်စုံမှန်ကန်သည့်စာရင်းများ ရရှိစေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ကနဦးမဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းစနစ် (Initial Voter List Scrutinizer–IVLS Software)၏ စစ်ဆေးခြင်းလုပ်ငန်းများကို ပြီးခဲ့သည့်ဩဂုတ်လအတွင်း လုပ်ဆောင်ပြီးဖြစ်ကာ ယခုစက်တင်ဘာ



NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး

လမှစ၍ Update လုပ်နေကြောင်း၊ အလားတူ ရရှိသည့်မဲစာရင်းများကို အခြေခံပြီး မဲရုံများစုဖွဲ့ခြင်း၊ မဲရုံသုံးပစ္စည်းများ တွက်ချက်ခြင်းကိုပြည်ထောင်စုနယ်မြေတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီးမေးသည့် မေးခွန်းကို ဖြေကြားရမည်ဆိုပါက မဲစာရင်းတွင်ပါရှိသည့် မဲပေးခွင့်ဥပဒေပြဋ္ဌာန်းချက် ထွက်ရှိလာမည်ဖြစ်ကြောင်း၊ မဲစာရင်းမထပ်စေရေး စနစ်တကျတင်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး **မြန်မာသံတော်ဆင့် ဂျာနယ်မှ အယ်ဒီတာ ဦးကိုကိုကြီး**က နေပြည်တော် သုခတော်ဝင်အိမ်ရာတွင် ရွှေ့ပြောင်းလာသည့် ဝန်ထမ်းအများစု နေထိုင်ကြောင်း၊ အဆိုပါဝန်ထမ်းများကို မြေပြင်စာရင်းကောက်ခံခြင်းများမရှိသေးဟုသိရကြောင်း၊ ထိုသူများမဲပေးနိုင်ရန် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း ထပ်မံမေးမြန်းသည်။

**Second Face အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မိမိတို့အနေဖြင့် ရှေ့ပြေးစီမံချက်ဖြင့် စာရင်းကောက်ရာတွင် ဦးစွာဆောင်ရွက်နေသည်မှာ ရပ်ကွက်များ၊ မြို့နယ်အလိုက် ပြည်သူလူထုများကို စာရင်းများကောက်နေကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ယင်းအပိုင်းသည် Second Face အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့အစည်းများသည် စုစုစည်းစည်းနှင့် အင်အားစနစ်တည်တည်ငြိမ်ငြိမ်ရှိသည့်အဖွဲ့အစည်းများဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်မီ ဥပဒေကြောင်းအရ ပြည့်စုံအောင် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး လုံခြုံရေးအင်အားများကို ပြီးခဲ့သည့် NLD အစိုးရလက်ထက် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် UEC မှ မဲရုံများကို စောင့်ကြပ်ရန်အတွက် ဖွဲ့စည်းလိုက်ကြောင်း၊ CDM လှုပ်ရှားမှုများမှ ကယားပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင်များ CDM လုပ်ကြသည့် သတင်းတက်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့လေ့လာကြည့်လိုက်သည့်အချိန် UEC မှရွေးကောက်ပွဲအတွက်ယာယီခန့်ထားသည့်မဲရုံလုံခြုံရေး



Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး

ရဲအင်အားများဖြစ်နေကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယင်းကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ခြင်းမျိုး မတွေ့ခဲ့ရကြောင်း၊ ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေးအင်အားများကို UEC နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ပေါင်းစပ်ပြီး ဆောင်ရွက်သည့်နေရာတွင် ပြည်ထဲရေး ဝန်ကြီးဌာနအနေဖြင့် ယူနီဖောင်း ဘက်တံဆိပ်တို့ကအစ မည်သည့်သတ်မှတ်ချက်များ သက်တမ်းကာလမည်မျှရှိသည်၊ သက်တမ်းကာလပြီးသွားလျှင် ယူနီဖောင်းများမည်ကဲ့သို့ ပြန်၍သိမ်းသည်ကို သိလိုကြောင်းနှင့် လာမည့်ရွေးကောက်ပွဲတွင် ယင်းသို့လုံခြုံရေးအတွက်ခန့်ထားရန် အစီအစဉ်ရှိ/မရှိ နှင့် တာဝန်ပေးဆောင်ရွက်ရန်ရှိပါက မည်သို့ကန့်သတ်ချက်များဖြင့် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ပတ်သက်၍ သိလိုကြောင်းမေးမြန်းသည်။


**မဲရုံများတွင် တာဝန်ထမ်းဆောင်ရန် အထူးရဲများကို စုစည်းလေ့ကျင့်ပြီး ခန့်ထား**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် အနီးကပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအား ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို ပြည်ထဲရေးဝန်ကြီးဌာနက စနစ်တကျဖွဲ့စည်းကြောင်း၊ စနစ်တကျဖွဲ့စည်းပြီး ၎င်းတို့က အနီးကပ်ဆောင်ရွက်ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယခင်က သာမန်အားဖြင့် မဲရုံပေါင်းလေးသောင်းကျော်ရှိကြောင်း၊ အဆိုပါမဲရုံများတွင် တာဝန်ထမ်းဆောင်ရန် အထူးရဲများကို စုစည်းလေ့ကျင့်ပြီး ခန့်ထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကို ၂၀၁၅ ရွေးကောက်ပွဲနှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့ကြောင်း၊ နောင်ကျင်းပမည့်ရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲကျင်းပမည့်ကာလ သတ်မှတ်ပြီးနောက်ပိုင်းမှသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင် တစ်လခန့်အချိန်ယူပြီး လူအင်အားစုစည်းခြင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ သင်တန်းပေးခြင်း၊ ရွေးကောက်ပွဲဥပဒေ၊



လူထုရင်ဖွင့်သံဂျာနယ်မှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး


နည်းဥပဒေများနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များ လုပ်ဆောင်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများကို တာဝန်ထမ်းဆောင်ရာတွင် အဆင်ပြေမှုရှိစေရန်အတွက် လေ့ကျင့်သင်ကြားပေးပြီးမှ ခန့်အပ်ခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် တစ်လခန့်သာလစာပေး၍ခန့်အပ်ဆောင်ရွက်ကြောင်း၊ မိမိသိရသလောက်ပြောရလျှင် ထိုခန့်ထားသည့် သူများအထဲမှ ရဲတပ်ဖွဲ့အရည်အချင်းနှင့် ကိုက်ညီသည့်သူများအနေဖြင့် သင်တန်းပေးပြီး ရဲတပ်ဖွဲ့အဖြစ် ခန့်အပ်ပေးသည်များလည်း ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ယခင်နှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် အလားတူနည်းလမ်းဖြင့်သော် လည်းကောင်း၊ ထိုထက်ပိုမိုကောင်းမွန်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနဖြင့် ညှိနှိုင်း၍ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ရဲတပ်ဖွဲ့ဝင်ခန့်အပ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်ခြင်း၊ ယူနီဖောင်းထောက်ပံ့ခြင်း၊ လစာပေးအပ်ခြင်း စသည်တို့ကိုဆောင်ရွက်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းအတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။ **စာမျက်နှာ ၁၈ သို့** ☆




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဂါထာမျက်ရှု




စာရေးသူ မျက်ရှု ဦးကျော်လွင်(ဓမ္မာစရိယ၊ ပါဠိပါရဂူ) ရေးသားသည့် ဂါထာမျက်ရှုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ ကံတို့အကြောင်းသိကောင်းစရာခေါင်းစဉ်တွင် စစ်မှန်သောဗုဒ္ဓဘာသာဝင်ဖြစ်ရန် သရဏဂုံတည်ရန် အရေးကြီးသကဲ့သို့ ကံကိုယုံရန်လည်း အရေးကြီးပေသည်။ ကံကိုယုံကြည်ရာတွင် ကိစ္စအားလုံးတွင် ကံကိုချည်းပုံချလျှင် မမှန်ပါ။ ဉာဏ်၊ ဝီရိယနှင့် သဒ္ဓါ၊ သတိ စသော သမ္မာပယောဂတို့ဖြင့် ဖြေရှင်း၍ရသော ကိစ္စမျိုးတွင် ဉာဏ်၊ ဝီရိယ၊ သမ္မာပယောဂမရှိ၍ မပြီးမြောက်လျှင် ကံအကြောင်းကြောင့်မဟုတ်။ ဉာဏ်၊ ဝီရိယ၊ သမ္မာပယောဂတို့ ချို့တဲ့မှုကြောင့်သာဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်အောင်မြင်လိုလျှင် ကံကိုသာမျှော်ကိုး၍မနေဘဲ ဉာဏ်၊ ဝီရိယ၊ သမ္မာပယောဂကို စနစ်တကျအသုံးချရန် လိုအပ်ပေသည်။ ဉာဏ်၊ ဝီရိယ၊ သမ္မာပယောဂ ပြည့်စုံသူကို ကံက ဧကန် ကူညီမည်ဖြစ်ပါသည်။

ကံဟူသည်ကား ကုသိုလ်၊ အကုသိုလ် ပြုသောအခါ ထိုသို့ပြုခိုက်၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ဖြစ်ပေါ်လျက်ရှိရာ စေတသိက်ထဲ၌ပါသော စေတနာကို ကံဟုခေါ်သည်။ စေတနာတိုင်းကား ကံမမြောက်ပါ။(ဝါ=ကမ္မပထ မမြောက်ပါ။) ရည်ရွယ်ချက်ရှိရှိပြုလုပ်ပြီး ထက်သန်သောစေတနာဖြစ်မှသာ ကမ္မထမြောက်၍ ကံဟုခေါ်ရသည်။ ကံလေးမျိုးရှိသည်။ ဇနကကံ-ကိုယ်တိုင်အကျိုးပေးသောကံ။ ဥပထမ္ဘကကံ-ဘဝသုံးမျိုးလုံး၌ ဇာတ်တူကံကို ထောက်ပံ့ကူညီပေးသောကံ။ ဥပပီဠကကံ-ဘဝသုံးပါးလုံး၌ ဇာတ်မတူကံကို နှိပ်စက်ညဉ်းဆဲသောကံ။ ဥပဃာတကကံ-ဘဝသုံးပါးလုံး၌ ဇာတ်မတူကံကို သတ်ဖြတ်ပြီ ကိုယ်တိုင်ဝင်၍ အကျိုးပေးသောကံဟူ၍ ကံလေးမျိုးအကြောင်းကို ပြည့်ပြည်စုံစုံဖော်ပြထားသည်။

**စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၁၉၊ လမ်း(၄၀) အလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇ နှင့် ၀၉ ၇၉၈၁၈၉၁၄၈တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

## စာစီလို့မမီ ကမ္ဘာတည်မဲ့အလွမ်း




စာရေးသူ စောမူးသာရေးသားသည့် စာစီလို့မမီ ကမ္ဘာတည်မဲ့အလွမ်း စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စစ်တပ်အတွင်း စနေနေ့လိုရက်မျိုးများတွင် တပ်ရင်း သန့်ရှင်း၊ လှပ၊ သာယာရေး၊ ပိုးမွှား၊ ခြင်၊ ယင် ကင်းစင်ရေး၊ မိသားစု မီးဖိုချောင်သီးနှံစိုက်ပျိုးရေးတို့အတွက် တပ်ရင်းတစ်ရင်းလုံး လုပ်အားပေးရှိသည်။ အရာရှိရိပ်သာပတ်ဝန်းကျင်တွင် တာဝန်ကျသည့် မည်သည့်တပ်ခွဲမိသားစုများ ဖြစ်ပါစေ၊ ထိုနေ့နံနက်ပိုင်းတွင် အရာရှိရိပ်သာသည် သူတို့ကလေးများ၏ကစားကွင်း၊ ကလေးထိန်းကျောင်း ဖြစ်သွားရ၏။ နို့စို့ လေးဖက်ထောက်အရွယ်မှသည်၊ မျောက်ရှုံးအောင် ကမြင်းသောအရွယ်အထိ ကလေးများအား ချော့မြူ ထိန်းသိမ်းစောင့်ရှောက်သည့်တာဝန်သည် လူပျိုအရာရှိများထံ အလိုအလျောက် ရောက်လာတော့၏။

ကလေးထိန်းခြင်းဘာသာရပ်တွင် လူပျိုအရာရှိများသည် ရဲမေများထက် သာ၏။ ရှိသမျှ မုန့်၊ ပဲ၊ သွားရည်စာကျွေးခြင်း၊ နို့စို့ကလေးများအား နို့ဆီဖျော်ပြီး ဆေးထိုးစလင်းဖြင့်စုပ်၍ တိုက်ကျွေးခြင်း၊ ပုံပြောပြခြင်း၊ သီချင်းဆိုချော့သိပ်ခြင်း စသည်စသည်တို့အပြင် အိပ်ဆေးတိုက်ခြင်း၊ သတင်းမေး ကစားခြင်းလည်းပါဝင်သည်။ နပ်ချေးထွက်သည်အထိ အော်ဟစ်၊ ငိုယို၊ သောင်းကျန်းတတ်သော ကလေးများအတွက် နောက်ဆုံးဗျူဟာသည် အိပ်ဆေးတိုက်ခြင်းပင်တည်း။ ဖန်ခွက်လှလှလေးထဲသို့ အာမီရမ် အနည်းငယ်ထည့်၊ အချိုရည်များများရောစပ်ပြီး ချော့မော့ပြီးတိုက်လျှင် ငို၍မောနေသောကလေး နှစ်နှစ်ခြိုက်ခြိုက်သောက်၏။ ခဏအကြာ ရိပ်သာစားပွဲ၊ အရာရှိခုတင်၊ ရိပ်သာတမံသလင်းတစ်နေရာရာတွင် အိပ်မက်လှလှမက်နေတော့၏။ ဖက်တိတ်ပြီး၍ မိခင်များ ကလေးပြန်ခေါ်ချိန်အထိ မနိုး၊ ချီပိုး၍ပြန်ခေါ်ရသည်။ မိခင်၏ပါးစပ်မှ မှတ်ချက်များကလည်း တစ်သီကြီး စသည့်တပ်မတော်သားတစ်ဦး၏ ဘဝဖြတ်သန်းခဲ့ပုံများကို ရေးသားထားသည်။

**စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း-၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။**

☆ စာမျက်နှာ ၁၇ မှ

ဆက်လက်၍ **NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မေးလိုသည်မှာ အကယ်၍ယူနီဖောင်းဝတ်ဆင်ပြီး တလွဲသုံးမည်ဆိုပါက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မည်သို့သောအရေးယူမှုမျိုး လုပ်နိုင်မည်ကိုသိလိုကြောင်း ထပ်မံမေးမြန်းသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယခင်က အရန်ရဲ/ အထူးရဲ ခန့်အပ်ခြင်းကို ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေဖြင့် ခန့်အပ်ကြောင်း၊ ယခုလက်ရှိတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ယင်းဥပဒေတွင်လည်း အရန်ရဲခန့်အပ်ခြင်းပါဝင်ကြောင်း၊ အရန်ရဲခန့်အပ်ရာတွင် တာဝန်ထမ်းဆောင်သည့်ကာလတွင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေကို လိုက်နာရမည်ဆိုသည့်အချက် ထည့်သွင်းထားကြောင်း၊ အရန်ရဲတာဝန် ထမ်းဆောင်နေစဉ်ကာလတွင် စည်းကမ်းဖောက်ဖျက်ပါက သန္ဓေတပ်ဖွဲ့ဝင်များကဲ့သို့ ရဲစည်းကမ်းဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း၊ အခြားတည်ဆဲဥပဒေများကို ချိုးဖောက်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က အကြမ်းဖက်လမ်းစဉ်ကို ပြန်လည်အသက်သွင်းခဲ့သည့် NLD ပါတီကို နိုင်ငံရေးပါတီများထဲမှ ပယ်ဖျက်ခြင်းမပြုသေးသည်ကို တွေ့ရကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ် နိုင်ငံ့အရေးကိုရှေးရှုပြီး ပါတီနိုင်ငံရေးလုပ်ခဲ့သည့် နှင်းဆီပါတီကို NLD ခေတ်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အပေါ် ပြန်လည်ပယ်ဖျက်ပေးသင့်သည်ဟု UEC အနေဖြင့် ထင်မြင်ပါသလား၊ မည်သို့ယူဆချက်များ ပေးလိုပါသလဲ၊ NLD ပါတီနှင့် နှင်းဆီပါတီ မည်သည့်ပါတီကပိုပြီး ဥပဒေနှင့်မညီသည်ကို UEC ၏အမြင်ကို သိလိုကြောင်း မေးမြန်းသည်။

**မတရားအသင်းအဖြစ်**
**ကြေညာထားခြင်း မတွေ့ရ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယင်းကိစ္စနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းခွဲပြီး ဖြေကြားလိုကြောင်း၊ NLD ပါတီနှင့် UDP ပါတီတို့နှင့်ပတ်သက်၍ နှစ်ပိုင်းနှိုင်းယှဉ်ပြောကြားလိုကြောင်း၊ NLD ပါတီနှင့် ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း ဖြေကြားထားပြီးဖြစ်ကြောင်း၊ ယင်းပါတီစစ်ဆေးမှုများနှင့် ပတ်သက်၍ စိစစ်အတည်ပြုရန်ကျန်ရှိနေသေးသည့် လုပ်ငန်းစဉ်များရှိနေသေးကြောင်း၊ ထို့ကြောင့်ဥပဒေအရဆောင်ရွက်ရန် လက်ရှိအခြေအနေတွင် ဆုံးဖြတ်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ စစ်ဆေးပြီးမှသာ စနစ်တကျဆုံးဖြတ်ဆောင်ရွက်သွားမည်ဟုသာ ပြောကြားလိုကြောင်း၊ UDP ပါတီ (နှင်းဆီပါတီ) သည် ပြီးခဲ့သည့် ရွေးကောက်ပွဲကော်မရှင်လက်ထက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၁၂)နှင့် အလားတူနည်းဥပဒေ ၁၅ (ခ၊ ဂ၊ စ)တို့နှင့်ငြိစွန်းကြောင်း၊ ယင်းနည်းဥပဒေများသည်လည်း ရပ်တည်ပိုင်ခွင့်မရှိသည့် ဥပဒေများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီမှ ပယ်ဖျက်ကြောင်းကို ၁၇-၁၀-၂၀၂၀ ရက်တွင် နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ သတင်းထောက်ကြီးမေးသည့် ကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် လေ့လာသုံးသပ်ကြည့်ရာတွင် ယင်းပါတီအား မတရားအသင်းအဖြစ် ကြေညာသည့်ကိစ္စနှင့်ပတ်သက်၍ မိမိတို့ထုတ်ပြန်သည့် ဥပဒေပုဒ်မများထဲတွင် မတရားအသင်းအဖြစ် ကြေညာထားခြင်း မတွေ့ရကြောင်း၊ အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာအထောက်အထားများကို လေ့လာကြည့်ရာတွင်လည်း UDP ပါတီအား မတရားအသင်းအဖြစ် ကြေညာထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က NLD ပါတီအနေဖြင့် အစစ်ဆေးခံမည်၊ ပါတီပြန်လည်ဖွဲ့မည်ဟု UEC ထင်မြင်ထားပါသလား၊ မျှော်လင့်ထားပါသလားဟု ထပ်မံမေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါပါတီအနေဖြင့် CEC တချို့ဖမ်းဆီးထိန်းသိမ်းခံထားရသကဲ့သို့ တချို့အမှုရင်ဆိုင်နေရကြောင်း၊ အချို့ထွက်ပြေးတိမ်းရှောင်နေခြင်း၊ အချို့မှာဆက်သွယ်၍ မရဖြစ်နေကြောင်း၊ ထို့ကြောင့်တာဝန်ခံဖြေရှင်းမည့် ကိစ္စများအား မိမိတို့အနေဖြင့် ဆောင်ရွက်နေမှုများရှိသော်လည်း စစ်ဆေးရေးလုပ်ငန်းစဉ်များ မပြီးစီးသေးသဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ဟု လတ်တလော ဖြေကြားလိုကြောင်း ဖြေကြားသည်။

**Cohesion News မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က အဆိုပါ NLD ပါတီအနေဖြင့် လာရောက်အစစ်ဆေးခံမည်ဆိုပါက ဥပဒေနှင့်မငြိစွန်းသည့်ကိစ္စများ ရှိလိမ့်မည်ဟု UEC အနေဖြင့်ထင်ပါသလားဟု ထပ်မံမေးမြန်းသည်။

**အဖြစ်မှန်ပေါ်ပေါက်အောင်**
**စိစစ်ဆောင်ရွက်သွားမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယင်းကိစ္စနှင့်ပတ်သက်၍ ကြိုတင်ပြီးမခန့်မှန်းလိုကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိစစ်ရာတွင် အသေးစိတ်စနစ်တကျ စိစစ်မည်ဆိုပါက အဖြစ်မှန်ပေါ်ပေါက်အောင် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**လူထုရင်ဖွင့်သံဂျာနယ်မှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး**က ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲရုံများကြိုတင်ပြင်ဆင်သည့် အချိန်ကာလအတွင်း မိမိတို့အနေဖြင့်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို ယင်းနယ်မြေအတွင်းရှိ စာရင်းရှိ မဲဆန္ဒရှင်အရေအတွက်၊ မဲရုံအရေအတွက်၊ ကိုဗစ်ကာလဖြစ်ခြင်းကြောင့် မဲပေးရန် စီမံဆောင်ရွက်ထားသည့် အခြေအနေများနှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်းခဲ့ကြောင်း၊ ထိုသို့သော အခြေခံမေးခွန်းများ မေးမြန်းရာတွင် ပြန်လည်ဖြေကြားခြင်းမရှိဘဲ ရန်သူသဖွယ် မောင်းထုတ်ခြင်းခံခဲ့ရကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဥပဒေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စည်းမျဉ်းစည်းကမ်းများ၊ လျှို့ဝှက်မဲပေးခြင်း၏ စည်းမျဉ်းများကိုလိုက်နာပြီး မေးမြန်းသည့် မီဒီယာ၏မေးမြန်းမှုများကို လွတ်လပ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**မြေပြင်တွင် ဆောင်ရွက်ရာ၌**
**အခက်အခဲရှိနိုင်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မိမိတို့အနေဖြင့် ရွေးကောက်ပွဲ၏ပွင့်လင်းမြင်သာမှုနှင့် အများယုံကြည်လက်ခံမှုရအောင် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကို ပြီးခဲ့သည့် ရွေးကောက်ပွဲအဆက်ဆက်တွင် ခွင့်ပြုခဲ့သည်များရှိကြောင်း၊ ထို့ကြောင့် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးခြင်းရှိကြောင်း၊ သတင်းထောက်ကြီး မေးမြန်းသည့်ကိစ္စနှင့် ပတ်သက်ပြီး အပိုင်းနှစ်ပိုင်းခွဲ၍ ဖြေကြားလိုကြောင်း၊ မဲရုံဖွင့်လှစ်သည့် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း မဲပေးခြင်း လုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ရကြောင်း၊ ယင်းလုပ်ငန်းစဉ်များပြီးပါက မဲရေတွက်ခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရကြောင်း၊ ထိုအချိန်များတွင် မဲရုံတာဝန်ခံများအနေဖြင့် မေးခွန်းများမေးမြန်းခြင်းကို ဖြေကြားရန် အခက်အခဲရှိနိုင်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများတွင် ပြဋ္ဌာန်းထားသည်များရှိကြောင်း၊ ပုဒ်မ ၆၁/၆၂ တွင် မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့် မဲရုံအတွင်းတွင်သော်လည်းကောင်း၊ မဲရုံနှင့်ကိုက် ၅၀၀ အတွင်းတွင်သော်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို မဲပေးရန်သော်လည်းကောင်း၊ မဲမပေးရန်သော်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ တိုက်တွန်းသွေးဆောင်လျှင် သော်လည်းကောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့များကို လုပ်ငန်းအနှောင့်အယှက်ဖြစ်စေသည့် လုပ်ရပ်များ ဆောင်ရွက်ပါက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုမြောက်သည်ဟု ဥပဒေတွင် ပါရှိခြင်းကြောင့် ယင်းကိစ္စများသည် မြေပြင်တွင် ဆောင်ရွက်ရာ၌ အခက်အခဲရှိနိုင်ကြောင်း။

မဲဆန္ဒရှင်များအား မဲပေးသည့်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာတွင် မည်သူ့အား မဲပေးသလဲ မေးမြန်းရိုက်ကူး ထုတ်လွှင့်ရာတွင် အထက်တွင် ပြောကြားခဲ့သည့် မဲရုံနှင့်ကိုက် ၅၀၀ အတွင်း ဖြစ်ခြင်းကြောင့် ယင်းကိစ္စများကို ရိုက်ကူးထုတ်လုပ်ခြင်းအားဖြင့် မဲဆွယ်စည်းရုံးခြင်းဆိုသည့် ကိစ္စများနှင့် ငြိစွန်းနိုင်ခြင်းရှိကြောင်း၊ ထို့ကြောင့် ထိုသို့ထိလွယ်ရှလွယ်သည့် ကိစ္စများနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ခွင့်မပြုခဲ့ကြောင်း၊ သို့သော်လည်း သက်ဆိုင်ရာရပ်/ကျေးကော်မရှင်များအနေဖြင့် မဲရုံ၊ မဲစာရင်း၊ မဲပေးနိုင်သည့် အရေအတွက်တို့နှင့် ပတ်သက်၍ ကြော်ငြာဘုတ်တွင်ကပ်ထားပြီးဖြစ်ကြောင်း၊ ထိုသို့အခြေခံအချက်အလက်များဖြင့် မဲရုံတွင် အေးချမ်းတည်ငြိမ်စွာ မဲပေးနိုင်မှု ရှိ/ မရှိ လေ့လာသုံးသပ်ပြီး ရိုက်ကူးတင်ဆက်မှုများလည်း ရှိခဲ့ကြောင်း၊ ထိုသို့နှစ်ဖက်အဆင်ပြေစေရန် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ သတင်းရယူခွင့်ရရှိအောင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပုသိမ်မြို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် စက်တင်ဘာ ၂၄

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လည်ပတ်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဂင့်ချွန်မုန့် လုပ်ငန်း၊ ဂွတ်ရှယ်ကြက်အူချောင်း၊ ဝက်အူချောင်းလုပ်ငန်း၊ ရွှေကညင် ပုသိမ်ထီးလုပ်ငန်း၊ ATW ကြက်စာ၊ ဝက်စာလုပ်ငန်း၊ ပုသိမ်ကွန်ပျူတာ ပန်းထိုးစက်ရုံနှင့် ရွှေမြင်းပျံ ပုသိမ်ဟလဝါ လုပ်ငန်းများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်လည်ပတ်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများ၏ ဖြေကြားတင်ပြချက်များအပေါ် ဝန်ကြီးချုပ်က စားသုံးကုန်များ ထုတ်လုပ်ရာတွင် အရည်အသွေး ကောင်းမွန်ရေး၊ ဓာတုဆိုးဆေးများ အသုံးမပြုရေး၊ ပြည်သူများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရေး၊ ပုသိမ်ထီးများကို ပြည်တွင်း ပြည်ပခရီးသွားများအတွက် ခိုင်ခံ့မှုနှင့် အရည်အသွေးကောင်းမွန်ရေး အလေးထားဆောင်ရွက်ရေး၊ ဝက်စာ၊ ကြက်စာများ ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်တွင်းထုတ်ကုန်များအား ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်သည်အထိ အရည်အသွေးကို အဓိကထားဆောင်ရွက်ရေး၊ တစ်လအတွင်း ထုတ်လုပ်မှုအား စနစ်တကျမှတ်တမ်းထားရှိရေး၊ စက်ရုံများတွင် လုပ်ကိုင်နေသည့်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)



# သပိတ်ကျင်းမြို့၌ သံဃာတော်အပါး ၁၀၀ ကျော်အား တတိယအကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲ ကျင်းပ

သပိတ်ကျင်း စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ကမ္ဘာအေးဘုရားမုခ်ဦးရှေ့တွင် သံဃာတော်နှင့် ရှင်သာမဏေအပါး ၁၀၀ ကျော်အား ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၆ နာရီခွဲက ကျင်းပသည်။

အဆိုပါဘုံဆွမ်းလောင်းလှူပွဲကို သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ စုပေါင်းပြီး သပိတ်ကျင်းမြို့ရှိ ကျောင်းတိုက်များတွင် သီတင်းသုံးတော်မူသော သံဃာတော်အရှင်သူမြတ်များအတွက် ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများကို ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့များတွင် ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တော်သလင်းလကွယ်နေ့တွင် တတိယအကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၂၂ ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြား၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပထမနေ့ယှဉ်ပြိုင်မှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို အားကစားအသင်း ၁၈ သင်းမှ ကစားသမား ၁၈၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ဇလစိုး



# သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။


ကလေးမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❖ ကျောဖုံးမှ


ခုချိန်မှာ ကုလားပဲဈေးတွေက အမြင့်ဆုံးကျပ် ၂၁၀၀၀၀ ဈေးနှုန်းထိရရှိနေပြီး ဈေးကောင်းရရှိနေပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ ကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ်ကြိုက်နှစ်သက်တဲ့ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ ကုလားပဲက တောင်သူတွေလက်ထဲမှာ မရှိတော့ပါဘူး။ ကုလားပဲက သိုလှောင်သမားလက်ထဲပဲ ရှိတော့တယ်။ V7 ကုလားပဲကို အိန္ဒိယနိုင်ငံသို့ အဆက်မပြတ်တင်ပို့နေရပါတယ်။ ဒီနှစ်အဖို့ ရာသီဥတုကောင်းမွန်ပြီး ပိုးမွှားပျက်စီးမှုကလည်း ကင်းရှင်းတဲ့အတွက် ကုလားပဲအထွက်နှုန်းကလည်း ကောင်းပါတယ်” ဟု ၎င်းကရှင်းပြသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင်တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါကုလားပဲများ ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဝတ္ထုတို

## ပိုင်ဆု(ပညာရေး)




(၁)

“ဖိုးသဲရေ..ကားလာပြီကွ...”

“ကားလာတာဘာဖြစ်လဲ..အခုက မင်းအလှည့်လေ...”

“အေးပါကွာ...သိပါတယ်..မင်းက လည်း...ကဲ..ငါသွားမယ်..မင်းနောက် ကားနဲ့လိုက်ခဲ့...ရှေ့မှတ်တိုင်မှာစောင့် နေမယ်...”

ပြောရင်းနှင့်မှတ်တိုင်သို့ဝင်လာသော လိုင်းကားပေါ်သို့ ကျော်မောင် အပြေးတက်သွားသည်။ ဖိုးသဲကတော့ ကျော်မောင်၏ကျောပြင်ကိုသာငေးကြည့် နေမိတော့သည်။

ဖိုးသဲသည် ယခုလိုအလုပ်မျိုးကိုလုပ်ချင်လှသည်တော့မဟုတ်။ အခြေအနေအကြောင်းတရားတွေကြောင့်သာ မဖြစ်မနေ လုပ်နေရခြင်းဖြစ်သည်။ လွယ်အိတ်အစုတ်လေးထဲတွင် ထည့်ထားသော စာရွက်အပိုင်းအစလေးများကို ထုတ်ထားလိုက်သည်။ မကြာမီရောက်လာမည့် လိုင်းကားပေါ်သို့ အဆင်သင့်တက်ရန်ဖြစ်သည်။ ဒီနေ့မှ လိုင်းကားတွေက အတော်ပါးနေသည်။ မှတ်တိုင်တွင် ထိုင်ရင်း စာရွက်ထဲမှာ ရေးထားသော စာများကို ပြန်လည်ဖတ်ကြည့်လိုက်သည်။ အကြိမ်ရေပေါင်းများစွာ ဖတ်ဖူးသော်လည်း စာရွက်ပေါ်မှစာများကို သူအမြဲတမ်းဖတ်ဖြစ်သည်။

“လေဖြတ်နေသောအဖေရဲ့ဆေးဖိုးနဲ့ ခြေထောက်မသန်သောအမေရဲ့ ဆေးဖိုးအတွက် အခက်အခဲဖြစ်နေလို့ စေတနာရှိသလောက် သနားကြပါခင်ဗျာ”

ကွန်ပျူတာစီထားသော စာရွက်ပေါ်မှ စကားလုံးများကိုဖတ်ရင်း စိတ်ထဲမှ ရေရွတ်လိုက်သည်။ ထိုသို့ရေရွတ်ရင်းနှင့် အတူ သူ၏ရင်ထဲသို့ဆို့နင့်မှုများ ဝင်ရောက်လာသည်။ အသက်ဆယ့်နှစ်နှစ်ရှိသော်လည်း နှစ်တန်းအထိ ကျောင်းနေဖူးသည့်အတွက်မြန်မာစာတော့သူကောင်းကောင်းကြီးဖတ်နိုင်သည်။

ထိုစဉ်မှတ်တိုင်သို့ ကားဝင်လာသည်။ ထို့ကြောင့် ကမန်းကတန်းပင် ကားပေါ်သို့ အပြေးတက်လိုက်တော့သည်။

“ဟေ့ကောင်တွေ... မင်းတို့ကို ကားပေါ်မလာနဲ့လို့ ပြောထားတယ်မဟုတ်လား...သွား.. ဆင်း.. တော်တော်ဇယားရှုပ်တဲ့ကောင်တွေ...”

ကားပေါ်သို့အတက်မှာပင် ကားမောင်းသည့်ဦးလေးကြီးက ဒေါမာန်အပြည့်ဖြင့် သူ့အားအော်ငေါက်ရင်း နှင်ထုတ်လိုက်သည်။ သူလည်း ဘာမှပြန်မပြောတော့ဘဲ အလိုက်တသိပင် ကားပေါ်ကဆင်းလိုက်တော့သည်။

ဒီလိုဖြစ်ရပ်မျိုးတွေက သူ့အတွက်တော့ရိုးအီနေပါပြီ။ ဒီအလုပ်ကိုစလုပ်စဉ်က ယခုလိုမောင်းထုတ်ခံရလျှင် မျက်နှာဘယ်ထားရမှန်းမသိအောင် ရှက်ခဲ့ဖူးသည်။ အလုပ်ကပဲသင်ပေးသည်ဟု ပြောရမလား။ ယခုဆို သူတော်တော်ကို နေသားကျနေပြီဖြစ်သည်။ ဒီကားမတက်ရလည်း နောက်ကားတစ်စီးလာရင် တက်ရမှာပဲဆိုသည့်စိတ်ဖြင့် မှတ်တိုင်တွင် ပြန်ဝင်ထိုင်လိုက်တော့သည်။

(၂)

“အမလေး..ဖိုးသဲရယ်.တစ်နေကုန်. လေးထောင်ကျော်ပဲ ရတယ်ဟုတ်လား.. ကျော်မောင်က ခုနစ်ထောင်ရတယ်တဲ့.. အတူတူသွားတာကိုနင်က ဘာလို့နည်းရတာလဲ။ မှန်မှန်ပြောစမ်း..နင်ဘာတွေ သုံးလိုက်လဲ”

အဒေါ်ဖြစ်သူ၏ အမေးစကားများကြောင့် ဖိုးသဲတစ်ယောက် အမောမပြေဘဲ အမောဆို့ခဲ့ရသည်။ ဦးလေးဖြစ်သူကတော့ မလှမ်းမကမ်းတွင် အရက်ထိုင်သောက်နေပြီး တစ်လောကလုံးကို စိတ်ဝင်စားဟန်မပြပေ။

“ဒေါ်လေးရာ တစ်ယောက်နဲ့ တစ်ယောက် ကံကဘယ်တူမလဲ.. နောက်ပြီး အတူတူတောင်းကြတာမှ မဟုတ်တာ သူတစ်လှည့် ကျွန်တော်တစ်လှည့် တောင်းကြတာလေ..”

“နင့်ပြောလိုက်ရင် ဆင်ခြေဆင်လက်ကြီးပဲ..အခုခေတ်ကုန်ဈေးနှုန်းနဲ့ နင်ရှာတာနဲ့လောက်လား... စိတ်ကုန်တယ်.. သွား..ရေမိုးချိုးပြီးရင် အုပ်ဆောင်းအောက်မှာ ငါးပိရည်နဲ့ ချဉ်ပေါင်ဟင်းရှိတယ်..ထမင်းစားလိုက် ပြီးရင်ပန်းကန်တွေအားလုံး တစ်ခါတည်းဆေး.. တစ်နေကုန်မှ လေးထောင်ကျော်ထဲတဲ့.. ဘယ်လိုလောက်အောင် သုံးရမလဲ.. စိတ်ပျက်ပါတယ်”

“မလောက်ရင် ဒေါ်လေးလည်း အလုပ်ထွက်လုပ်လေ”ဟု ပြောချင်ပေမယ့် သူမပြောဖြစ်တော့ပါ။ ခြေအကောင်းလက်အကောင်းရှိပါရက်နဲ့ အလုပ်မလုပ်ဘဲ ရပ်ကွက်ထဲဖဲရိုက်၊ အံစာခေါက်စသည့် အလုပ်တွေဖြင့် ကျင်လည်နေသော အဒေါ်ဖြစ်သူအား သူကိုယ်တိုင်လည်းစိတ်ပျက်မိပါသည်။ ဦးလေးဖြစ်သူကလည်း အရက်နှင့်အိပ်ရာနိုးပြီး အရက်နှင့်အိပ်ရာဝင်သူဖြစ်သည်။ ကံအကြောင်းတရားတွေ မလှပတော့လည်း ကျရာဇာတ်ရပ်မှာ အကောင်းဆုံးဖြစ်အောင် ကပြရပေမည်။

ရေချိုးပြီးသည်နှင့် ဗိုက်ဆာနေသောကြောင့် ထမင်းစားဖို့ပြင်လိုက်သည်။ ချဉ်ပေါင်ဟင်းနှင့် ငါးပိရည်ကို စိတ်ပျက်စွာမြင်တွေ့ရပေမယ့် ဝမ်းပြည့်ဖို့ကအရေးကြီးသည်ဟုတွေးပြီး ထမင်းခူးလိုက်သည်။

“ဖိုးသဲရေ..ဖိုးသဲ”

ထိုစဉ်မှာပင် ထမင်းဇလုံကြီးကို ကိုင်ပြီး သူနှင့် ထမင်းအတူစားရန် ကျော်မောင် ရောက်ရှိလာသည်။ ကျော်မောင်သည် သူ၏ဇလုံထဲရှိ ငါးကြော်နှစ်ကောင်အနက်တစ်ကောင်အား သူ၏ ပန်းကန်ထဲသို့ ထည့်ပေးလာသည်။ ထို့နောက် နှစ်ယောက်သား အားရပါးရ ထမင်းစားလိုက်ကြသည်။ ကျော်မောင်နှင့်သူသည် ယခုနေထိုင်ရာ ကျုံးကျော်ရပ်ကွက်ထဲတွင် အတူကြီးပြင်းလာကြသော အခင်ဆုံးသူငယ်ချင်းတွေဖြစ်သည်။ သို့သော် ကျော်မောင်သည် သူနှင့်မတူပေ။ ကျော်မောင်တွင် မိဘများရှိသေးသည်။ ကျော်မောင့်အဖေသည် ကားတိုက်ခံရပြီး ခြေထောက်တစ်ဖက်ဖြတ်ထားသူ ဖြစ်သည်။ ကျော်မောင့်အမေကတော့ သူ၏အဒေါ်နှင့်ထူးမခြားနားပင်။ ထို့ကြောင့် ကျော်မောင်လုပ်ကိုင်သည့် အလုပ်ကိုပင် သူလည်း လိုက်ပါလုပ်ဆောင်ခဲ့ရခြင်းသာ ဖြစ်တော့သည်။

(၃)

ကားပေါ်သို့တက်ရင်း ခရီးသည်များဆီသို့ စာရွက်များဝေလိုက်သည်။ တချို့ခရီးသည်တွေကတော့မယူဘဲ ခါးခါးသီးသီး ငြင်းကြသည်။ တချို့ခရီးသည်တွေက စာရွက်ယူလိုက်ပေမယ့် စိတ်ဝင်စားဟန်မပြ၊ ဖတ်ပင်မဖတ်ကြပေ။

သူတို့အတွက်တော့ ရိုးအီနေပြီဖြစ်လောက်မှာပါဟုတွေးလိုက်ပြီး..စာရွက်လေးတွေကို ပြန်သိမ်းလိုက်သည်။ တစ်ရာပေးသူ၊ နှစ်ရာပေးသူ၊ ဘာမှမပေးဘဲ စာရွက်သာပြန်ပေးသူ အမျိုးမျိုးသော တုံ့ပြန်မှုကိုခံယူရင်း ရှေ့မှတ်တိုင်တွင် ဆင်းဖို့ ပြင်လိုက်သည်။

မှတ်တိုင်ပေါ်က ဆင်းပြီးသည်နှင့် မှတ်တိုင်ရှိထိုင်ခုံလေးတွင် ထိုင်လိုက်သည်။ နောက်ကားဖြင့်ပါလာမည့် ကျော်မောင်ကို စောင့်ရဦးမည်ဖြစ်သည်။

“လူလေး..အဆင်ပြေရဲ့လားကွ”

အသံလာရာကို ကြည့်လိုက်တော့ အသက်လေးဆယ်ကျော်ခန့် ဦးလေးကြီးတစ်ဦးကို တွေ့လိုက်ရသည်။ အမှတ်တမဲ့မို့ ဘာပြောရမှန်းမသိသည့်အတွက် ကြောင့် ကြောင်ကြည့်နေလိုက်မိသည်။

“ဩော်..လူလေးက ဦးကိုဘယ်သိမလဲ..ဦးကတော့ လူလေးကို မှတ်မိပါတယ် ဟိုတစ်နေ့က လူလေး ကားပေါ်မှာ စာရွက်လိုက်ဝေပြီး အလှူခံနေတုန်းက လူလေးရဲ့စာရွက်ဖတ်ပြီး စိတ်မကောင်းဖြစ်ခဲ့ရသေးတာ”

“ဟုတ်..ဟုတ်ကဲ့..”

ဦးလေးကြီး၏ ပြောစကားကြောင့် ကျေနပ်ခဲ့ရသည်ကတော့ အမှန်ပင်။ စာရွက်ဝေပြီးအလှူခံတယ်တဲ့။ များသောအားဖြင့် သူတို့အားတောင်းစားသည်ဆိုသော အသုံးအနှုန်းတွေဖြင့်သာ နားရည်ဝခဲ့ရသည်။

“လူလေးရဲ့အဖေက လေဖြတ်ပြီး အမေက ခြေထောက်မသန်ဘူး.. ဟုတ်လား...”

ဦးလေးကြီး၏အမေးကို သူဘာပြန်ဖြေရမှန်းမသိပေ။ တကယ်တော့ သူ၏မိဘများသည် သူငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့ရသည်။ ထို့ကြောင့် အဆင်မပြေသည့် အဒေါ်ကပင် ခေါ်ယူစောင့်ရှောက်ခဲ့ပြီး ယခုအရွယ်ရောက်လာသည့်အခါ ခိုင်းစေခဲ့ခြင်းသာဖြစ်သည်။ ယခုလိုအလိမ်အညာတွေဖြင့် တောင်းရမ်းနေရခြင်းကို သူစိတ်ပျက်ခဲ့တာ ကြာပေမယ့် ရုန်းမထွက်နိုင်ခဲ့သေးပေ။

“လူလေးစိတ်မကောင်းဖြစ်သွားတာလား..ဦးက လူလေးတို့မိသားစုဘဝကို စာနာမိလို့ပါ။ ကဲ..ရော့ လူလေးတို့မိသားစုအတွက် ဦးတတ်နိုင်သလောက်လှူတာလေးပါ”

လက်ထဲသို့ ကမ်းပေးလာသော တစ်သောင်းတန်တစ်ရွက်ကြောင့် အံ့အားသင့်သွားခဲ့ရသည်။ ဝမ်းသာသည်မဟုတ်တာတော့ အသေအချာပင်ဖြစ်သည်။ မယူပါရစေနဲ့ဟုငြင်းဆန်ပြီး သူ၏ဘဝအဖြစ်မှန်ကို ရင်ဖွင့်လိုက်တော့သည်။ သူပြောသမျှကို နားထောင်နေသော ဦးလေးကြီးသည် သူ့အားဒုက္ခပေးမည့်သူမဟုတ်နိုင်ကြောင်း သူအလိုလိုယုံကြည်နေမိသည်။ ထို့ကြောင့်ပင် သူအမှန်အတိုင်း ဝန်ခံခဲ့ခြင်းသာဖြစ်ပါသည်။

“လူလေးကို ဦးပိုပြီးလေးစားသွားပြီကွာ..”

“ဗျာ..ဘာဖြစ်လို့လဲ ဦးရ..သားက လိမ်ပြီးတောင်းစားနေတာလေ”

“ဘာပဲဖြစ်ဖြစ်..အမှန်အတိုင်းဝန်ခံရဲတာ နည်းတဲ့သတ္တိမှမဟုတ်တာ..ဘာပဲဖြစ်ဖြစ် မိဘတွေမရှိတော့ပေမယ့် ကိုယ့်ကို ဒီအရွယ်ထိစောင့်ရှောက်လာတဲ့ ဦးလေးနဲ့အဒေါ်ကို ကိုယ့်မိဘတွေလိုပဲ သဘောထား.. ဟုတ်ပြီလား.သူတို့မရှိရင် လူလေးအခုလို အသက်ရှင်ခွင့်ရချင်မှရမှာလေ.. သူတို့ကောင်းသည်ဖြစ်စေ.. မကောင်းသည်ဖြစ်စေ.. လူလေးက ကိုယ့်မိဘလိုသဘောထားပြီး စေတနာထားလိုက် တဖြည်းဖြည်းနဲ့ နားလည်လာမှာပါ..”

ဦးလေးကြီး ပြောသည့်စကားကို နားထောင်ကြည့်လိုက်တော့လည်း ဟုတ်မှန်နေသည်။ အဒေါ်နှင့် ဦးလေးသာ မရှိခဲ့လျှင် သူလည်းဘာဖြစ်မည်ကို တပ်အပ်မပြောနိုင်ပေ။ ထို့ကြောင့် သူတို့ကောင်းကောင်း မကောင်းကောင်း မိဘတွေလိုသဘောထားပြီး ကိုယ့်ဘက်ကကြိုးစားပေးဆပ်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

“ကဲ..လူလေးရော့ ဦးရဲ့အလှူငွေလေး..တစ်နေ့ကျရင်တော့ ဒီလိုအလုပ်မျိုးကရုန်းထွက်နိုင်အောင်တော့ ကြိုးစားပေါ့ကွာ..ကိုယ်ကတဖြည်းဖြည်းအရွယ်ရောက်လာမှာလေ..ဟုတ်ပြီလား ရိုးသားကြိုးစားသူအတွက် အလုပ်မရှားပါဘူး.. ကဲ..ဦးလေးကားလာပြီ..သွားတော့မယ်”

ပိုက်ဆံတစ်သောင်းကို လက်ထဲအတင်းထည့်ပေးပြီး ကျေးဇူးတင်စကားပင် နားမထောင်တော့ဘဲ ကားပေါ်သို့ အပြေးတက်သွားသော ဦးလေးကြီးကို အံ့သြစွာငေးကြည့်ရင်း သူကျန်ရစ်ခဲ့တော့သည်။

(၄)

ဦးလေးကြီး၏ ပြောစကားများသည် သူ့အတွက်မှန်ကန်နေကြောင်း လက်တွေ့မြင်သိခဲ့ရပြီဖြစ်သည်။ ဦးလေးနှင့် အဒေါ်ကိုသူ့ဘက်ကမိဘတွေကဲ့သို့သဘောထားပြီးဆက်ဆံခဲ့သည်။ ယခုဆိုဦးလေးရော အဒေါ်ပါ သူ့အားနားလည်လာပြီ ဖြစ်သည်။

ဆုံတွေ့ခဲ့သော ဦးလေးကြီးပြောခဲ့သည့်အတိုင်း တခြားအလုပ်ကိုပြောင်းလုပ်ဖို့ကြိုးစားကြည့်ပေမယ့် အဆင်မပြေသေးပေ။ လက်ရှိအလုပ်ကိုပဲ ဆက်လက်လုပ်ကိုင်နေရပေဦးမည်။ ထို့ကြောင့် လွယ်အိတ်အစုတ်လေးထဲမှ စာရွက်လေးကိုထုတ်ကြည့်ပြီး နှုတ်မှရေရွတ်လိုက်မိသည်။

“လေဖြတ်နေသောအဖေရဲ့ ဆေးဖိုးနဲ့ ခြေထောက်မသန်သောအမေရဲ့ ဆေးဖိုးအတွက် အခက်အခဲဖြစ်နေလို့ စေတနာရှိသလောက် သနားကြပါခင်ဗျာ”

ရေရွတ်ရင်းနှင့်ပင် သူ၏မျက်ဝန်းအိမ်မှမျက်ရည်များပါ တစ်ပါတည်းစီးကျလာပါတော့သည်။ ဦးလေးကြီး၏နိမိတ်ဖတ်မှုကြောင့် သူ၏ဘဝသည် မေတ္တာတရားတွေနှင့် ပြန်လည်တည်ဆောက်ခွင့်ရခဲ့သလို အဒေါ်ဖြစ်သူ၏ မှားယွင်းသော နိမိတ်ဖတ်မှုများကိုလည်း နာကျင်စွာမြင်တွေ့ခဲ့ရပြီဖြစ်သည်။

အကြောင်းရင်းမှာ ယခုအချိန်တွင် သူ၏မိဘကဲ့သို့ သဘောထားသောသူများ ဖြစ်ကြသည့် ဦးလေးဖြစ်သူသည် အရက်အလွန်အကျွံ သောက်ခြင်းကြောင့် လေဖြတ်ခဲ့ရသလို အဒေါ်ဖြစ်သူကလည်း မတော်တဆမှုတစ်ခုကြောင့် ခြေထောက်ထိခိုက်ခဲ့ပြီး ဒုက္ခိတဘဝသို့ရောက်ရှိသွားခဲ့ရပြီဖြစ်သည်။

စာရွက်ကိုဖတ်ရင်း စီးကျလာသည့် မျက်ရည်များကိုသုတ်ရင်း..မှတ်တိုင်သို့ ဝင်လာသောကားပေါ်သို့တက်ရန် ပြင်ဆင်လိုက်တော့သည်။ ။

## ဝါကျွတ်ချိန်

✳ မိုးနှောင်းကာလ ကုန်ဆုံးပြီ
ရောက်ပေါ့ပြတူရာသီ၊
ကြာမျိုးငါးမည် ဖူးပွင့်ကြ
ဆောင်းဦးဝင်ကာစ။

✳ မြောက်ပြန်လေက ဆော်သွေးပြီ
ငွေနှင်းဝေ့ဝဲသီ၊
အာသာဝဏီ နက္ခတ်က
ကောင်းကင်ယံထွန်းပ။

✳ သီတင်းကျွတ်လ သည်ချိန်ခါ
မြို့တိုင်းရွာတိုင်းမှာ၊
ဗုဒ္ဓမြတ်စွာ ပူဇော်ကြ
မီးထွန်းပွဲကျင်းပ။

✳ လှူဖွယ်များက စုံလင်စွာ
ရွာဦးကျောင်းတော်မှာ၊
မြတ်သံဃာကို လှူဒါန်းကြ
သီလဆောက်တည်ကြ။

✳ ဆရာမိဘ ဘိုးဘွားတွေ
ဦးခိုက်ကာရှိသေ၊
စုပေါင်းကာလေ ကန်တော့ကြ
ဝါကျွတ်ချိန်ကာလ။ ။

အောင်ကျော်ဦး(ပန်းသခင်)

## စိတ်ထားကောင်းဖို့ ကြိုးစားစို့

❍ ရှေ့ရေးတွေးလို့ ရန်မမူ
မေတ္တာထားကြည်ဖြူ။
ဖေးမကူညီ စာနာရင်း
မင်္ဂလာရှိခြင်း။

❍ လူအချင်းချင်း လှည့်ဖြားရာ
စိတ်ယုတ်ကင်းစင်ခွာ။
အေးချမ်းမေတ္တာ နှလုံးကိန်း
မြဲစွသီလထိန်း။

❍ အမုန်းမီးငြိမ်း ထာဝစဉ်
သောကပျောက်ကင်းစင်။
စိတ်ကောင်းရှိလျှင် လူနတ်ချစ်
စောင့်ရှောက်ကြမပစ်။

❍ စိတ်ယုတ်စိတ်ညစ် မမွေးရှောင်
ကောင်းသောစိတ်ကိုဆောင်။
ဤလူ့ဘောင်ဝယ် ချမ်းသာရေး
ယခုနောင်ခါ ကျန်းမာရေး
စိတ်ထားကောင်းဖို့မွေး။ ။

ဈာန်လေး(ပညာရေး)

ဆောင်းပါး

# သင် ဘယ်လမ်းကို ရွေးချယ်မလဲ

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

လူ့ဘဝရရှိဖို့ လွယ်ကူပါသလား။ ထိုသို့ မေးမည်ဆိုလျှင် အဖြေ နှစ်မျိုးသာ ရှိပေလိမ့်မည်။ လူ့ဘဝရရှိရန် လွယ်ကူသည်။နောက်တစ်မျိုးမှာ လူ့ဘဝရရှိရန် မလွယ်ကူပါဟူ၍ဖြစ်သည်။ မျက်မှောက်ခေတ်အခြေအနေအရကြည့်မည်ဆိုလျှင် လူဖြစ်ရန် လွယ်ကူပါသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုကို ကြည့်မည်ဆိုလျှင် လူဦးရေသည် တစ်ရက်ထက်တစ်ရက် ပို၍တိုးလာသည်ကို တွေ့ရမည်ဖြစ်သည်။ အချို့သောနိုင်ငံများဆိုလျှင် လူဦးရေတိုးတက်မှုနှုန်းကို ကန့်သတ်ထားရသည်။ နှစ်စဉ်နှင့်အမျှ ကမ္ဘာ့လူဦးရေတိုးတက်လာခြင်းကိုကြည့်ပြီး "လူ့ဘဝရရှိရန် လွယ်ကူသည်"ဟု ပြောစရာဖြစ်လာပါသည်။ ထိုယူဆချက်ကို ယေဘုယျအပေါ်ယံ သဘောမျိုးဖြင့် ကြည့်ပါက မှန်သည်ဟု ထင်ရပါသည်။ သို့သော် အနှစ်သာရသဘောမျိုးဖြင့် ကြည့်ပါက ထိုယူဆချက်သည် မမှန်ပါ။

လူ့ပြည်မှ အပ်တစ်စင်းနှင့် နတ်ပြည်မှ အပ်တစ်စင်း ထိရန်သာ လွယ်ပေလိမ့်မည်။ လူတစ်ဦးဖြစ်ရန် မလွယ်ကူပါဟု ပြောသံများကို ခဏခဏ ကြားခဲ့ရဖူးပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟု ဆိုသော အပါယ်လေးဘုံသည် ပုထုဇဉ်လူသားများနှင့် သတ္တဝါတို့၏ အမြဲနေထိုင်ရာအိမ်ဖြစ်သည်။ လူ့ပြည်၊ နတ်ပြည်တို့ကို ကုသိုလ်ကံကောင်းမှသာ တစ်ခါတစ်ရံ ရောက်ရှိကြရသည်ဟု ဗုဒ္ဓမြတ်စွာဘုရားမှ သတိပေးဟောကြားတော်မူခဲ့ပါသည်။

လက်တွေ့ဘဝတွင် သိမြင်နိုင်သော လူအရေအတွက်နှင့် တိရစ္ဆာန်အရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက လူ့ဘဝရရှိရန် အလွန်ခက်ခဲကြောင်းကို သက်သေပြနိုင်ပြီဖြစ်သည်။ ဥပမာအားဖြင့် အိမ်တစ်အိမ်တွင်ရှိသော သက်ရှိသတ္တဝါများကို လေ့လာကြည့်ပါမည်။အိမ်တစ်အိမ်တွင်ရှိသော ခြင်၊ ယင်၊ ပိုးကောင်များ၊ ပုရွက်ဆိတ်၊ ခြ၊ ပင့်ကူ အစရှိသော ပိုးမွှားတိရစ္ဆာန်များ၏ အရေအတွက်ကို ရေတွက်နိုင်ပါသလား။ ထို့ပြင် အိမ်ပတ်ဝန်းကျင်တွင်ရှိသော ပိုးမွှားတိရစ္ဆာန်အရေအတွက်ကို ရေတွက်နိုင်ပါသလား။ မိမိတို့၏ မြို့၊ ရွာ၊ နိုင်ငံတွင်ရှိသော ပိုးမွှားတိရစ္ဆာန်များကို ရေတွက်နိုင်ပါသလား။ကမ္ဘာပေါ်ရှိ လူသားများ၏ အရေအတွက်ကိုမူ စာရင်းဇယားများဖြင့် အနီးစပ်ဆုံး သိရှိနိုင်ပါသည်။သို့သော် ကမ္ဘာပေါ်ရှိ တိရစ္ဆာန်များ၏ အရေအတွက်ကိုမူ သိရှိနိုင်မည်မဟုတ်ပေ။တိရစ္ဆာန်များ၏ အရေအတွက်သည် လူဦးရေ၏ အရေအတွက်ထက် အဆပေါင်းများစွာ ပို၍များပြားနေပါသည်။သဘာဝတရားအရ လူ့ဘဝရရှိရန် ခက်ခဲကြောင်းကို ထိုအချက်ဖြင့်ပင် လက်ခံကြရပါတော့သည်။

ရခဲလှသော လူ့ဘဝကို ရောက်ရှိလာသောအခါတွင်လည်း တစ်ယောက်နှင့်တစ်ယောက် မတူညီကြပေ။ မိသားစုထဲမှာပင် ရုပ်ရည်လက္ခဏာ ကွဲပြားခြင်း၊ စိတ်သဘောထား ကြမ်းတမ်းခြင်း၊ စိတ်သဘောထား နူးညံ့ခြင်း၊ ဝါသနာ၊ အကျင့်စရိုက်၊ ဗီဇ စသည်တို့မှာ မတူညီကြပေ။ ထိုသို့ကွဲပြားစွာ ဖြစ်ပေါ်လာစေရန် တန်ခိုးရှင်က ဖန်တီးထားခြင်းမဟုတ်ပေ။ မိမိတို့၏ အတိတ်ဘဝကပြုခဲ့ဖူးသော ကောင်းမှုလုပ်ဆောင်ခြင်း ကုသိုလ်ကံ၊ မကောင်းမှုလုပ်ဆောင်ခြင်း အကုသိုလ်ကံများ၏ အကျိုးပေးရလဒ်များကို ရရှိခံစားကြရခြင်းပင် ဖြစ်သည်။ "ကံ" ဆိုသည်မှာ အလုပ်ပင်ဖြစ်သည်။ ကောင်းမှုလုပ်လျှင် ကောင်းသောကံ ရရှိကြပြီး မကောင်းမှုလုပ်လျှင် မကောင်းသောကံ ဖြစ်ကြရသည်။

> ❛ လူသားတိုင်းသည် လွန်ခဲ့သော အတိတ်မှ ပြုလုပ်ခဲ့သောဖြစ်ရပ်များနှင့် အတိတ်ကံကို ပြုပြင်၍ မရနိုင်ပေ။ သို့သော် အနာဂတ်ဘဝလမ်းကြောင်းအတွက် ကောင်းကျိုးပေးမည့်ကံများကို ယခုပစ္စုပ္ပန် အလုပ်ဖြင့် ဖန်တီးရယူနိုင် ❜

လူသားတိုင်းသည် လွန်ခဲ့သောအတိတ်မှ ပြုလုပ်ခဲ့သော ဖြစ်ရပ်များနှင့် အတိတ်ကံကို ပြုပြင်၍ မရနိုင်ပေ။ သို့သော် အနာဂတ်ဘဝလမ်းကြောင်းအတွက် ကောင်းကျိုး ပေးမည့်ကံများကို ယခုပစ္စုပ္ပန် အလုပ်ဖြင့် ဖန်တီးရယူနိုင်ပါသည်။ မိမိပြုလုပ်ခဲ့သော အလုပ်များမှ ကောင်းကံ၊ ဆိုးကံများသည် မိမိ၏နောက်သို့ အရိပ်သဖွယ် အမြဲမပြတ် လိုက်ပါနေမည်သာဖြစ်သည်။ "မိမိကိုယ်သာ အားထားရာ" ဟု ဆိုသည့်အတိုင်း ဘဝအတွက် အရှင်သခင်သည် မိမိကိုယ်တိုင်ပင် ဖြစ်ပေသည်။

ခန္ဓာကိုယ် ရလာသော သက်ရှိသတ္တဝါတိုင်းမှာ အို၊ နာ၊ သေ ဒုက္ခ ဘေးကြီးများကို အမြဲ ကြုံတွေ့နေရပါသည်။ သတ္တဝါတို့၏ ကံအလိုက် အချိန်ကာလ၊ နေရာဒေသမရွေး သေဆုံးပျက်စီးနိုင် ပါသည်။ အသက်ကြီးသူဖြစ်စေ၊ အသက်ငယ်သူဖြစ်စေ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းဖြင့် သေဆုံးရမည်ကို မသိရသော်လည်း သေဆုံးရခြင်းကိုမူ တားဆီးပိတ်ပင်၍ မရပေ။ ထို့ကြောင့် အို၊ နာ၊ သေ ဒုက္ခများ ကင်းဝေးရာဖြစ်သော အေးငြိမ်းသည့်နေရာကို ရောက်ရှိရန်အတွက် နည်းလမ်းများကို ရှာဖွေကျင့်သုံးသင့်ပါသည်။

ပုထုဇဉ်လူသားတို့အပေါ်တွင် အမြဲတမ်း အနိုင်ယူလွှမ်းမိုးနေသော လောဘ၊ ဒေါသ၊ မောဟဟူသည့် မကောင်းမှုများတွင် နစ်မြောမနေသင့်ပေ။ သတ္တဝါတို့၏ အမြဲတမ်းနေအိမ်သဖွယ်ဖြစ်နေသော အပါယ်လေးဘုံကို ပြန်မရောက်စေရန်နှင့် အပြီးထွက်ခွာလာနိုင်စေရန် ကြိုးစားကြရပါမည်။ ရခဲလှသော လူ့ဘဝတွင် လူဖြစ်လာကြသူတိုင်း သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာဖြစ်သည့် မြတ်နိဗ္ဗာန်သို့ရောက်ရှိရန် တရားစစ်၊ တရားမှန်တို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်သင့်လှပါသည်။

ထို့ကြောင့် ရခဲလှသော လူ့ဘဝကို ရရှိလာသူများနှင့် စာဖတ်သူများကို မေးခွန်း လေးခု မေးမြန်း၍ စကားလက်ဆောင်ပေးလိုက်ပါသည်။

၁။ အလင်းထဲကလာပြီး အလင်းထဲ သွားမှာလား။
၂။ အလင်းထဲကလာပြီး အမှောင်ထဲ သွားမှာလား။
၃။ အမှောင်ထဲကလာပြီး အလင်းထဲ သွားမှာလား။
၄။ အမှောင်ထဲကလာပြီး အမှောင်ထဲ သွားမှာလား။

သင် ဘယ်လမ်းကို ရွေးချယ်မလဲ။ လူသားတိုင်း လမ်းမှန်ကို လျှောက်လှမ်းနိုင်ကြပြီး ဘဝလမ်းကြောင်းလည်း ဖြောင့်တန်းနိုင်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

## မိတ်ဆွေကောင်း

★ စာအုပ်စာပေ လူ့မိတ်ဆွေ
ကျေးဇူးကြီးလှပေ၊
စာပေဆိုတာ လူ့အနှစ်
ကောင်းကျိုးဖော်ဆောင်လှစ်။

★ မေတ္တာစစ်နဲ့ လမ်းပြဆောင်
ဘဝအလင်းရောင်၊
လောကလူ့ဘောင် ဖွံ့ဖြိုးရေး
စာပေလှို့ဆော်ပေး။

★ လိမ္မာယဉ်ကျေးရှိဖို့ရာ
စာပေညွှန်ပြတာ၊
လူမိုက်ရှောင်ခွာ သတိထား
ပညာရှိခစား။

★ ရိုးသားမှုနဲ့ လူ့သိက္ခာ
စောင့်ထိန်းကြရမှာ၊
စာပေဖတ်ကာ လိုက်နာကြ
ကောင်းကျိုးကေန်ရ။ ။

သူရအောင်(ရွှေပြည်သာ)

## တို့တောရွာ

❖ အေးချမ်းသည့် တို့တောရွာ
အရုဏ်ချိန် ရွာဦးကျောင်းက
အုန်းမောင်းသံသာ။

❖ ဆွမ်းခံကြ များသံဃာ
ပို့မေတ္တာ ကုသိုလ်ပေး။
ကြည်ညိုပေ တစ်ရွာလုံးသည်
နှလုံးစိတ်အေး။

❖ အေးချမ်းသည့် တို့တောရွာ
နွားညီနောင် ချူသံလွှမ်းလို့
လုပ်ငန်းလယ်ယာ။

❖ သီးနှံများ စိုက်ပျိုးကာ
စီးပွားရှာ အသက်မွေး။
လယ်ယာမြေ စိုစိမ်းတယ်
ထိန်းသိမ်းဂုဏ်မွေး။

❖ အေးချမ်းသည့် တို့တောရွာ
ဘိုးဘွားတွေ အမွေနှစ်
ချစ်မြတ်နိုးစွာ။

❖ စိုက်ပျိုးရေး အဓိကပါ
စီးပွားရာ ဖြည့်မနေး။
ကာယကို စုစည်းပေါင်းလို့
ကောင်းကျိုးပြုပေး။

❖ အေးချမ်းသည့် တို့တောရွာ
သီးနှံပေါ် အလှူပြုလို့
သာခုသံသာ။

❖ ပြုံးပီတိ ကြည်နူးစရာ
ရိုးသားစွာ စေတနာဖွေး။
အရိုးခံ ပင်ကိုအလှနဲ့
စံပြရဲ့လေး။ ။

မောင်မျိုးချစ်(အညာမြေ)

# တောင်သူလယ်သမားများအတွက် ထိရောက်အကျိုးရှိစေသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA, Two Step Loan)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ မင်းမောင်မောင် ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အဆင့်နှစ်ဆင့်ချေးငွေ (JICA, Two Step Loaan)**

ဂျပန်နိုင်ငံအစိုးရမှ မြန်မာအစိုးရသို့ တစ်ဆင့်ထုတ်ချေးပြီး မြန်မာအစိုးရက တောင်သူလယ်သမားများသို့ တစ်ဆင့်ပြန်လည်ထုတ်ချေးသည့် ချေးငွေပုံစံဖြစ်၍ နှစ်ဆင့်ချေးငွေ Two Step Loan ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ချေးငွေရယူသည့် တောင်သူလယ်သမားများက ပြန်လည်ပေးဆပ်သည့်ငွေကို သတ်မှတ်ကာလအလိုက် မြန်မာအစိုးရက ဂျပန်အစိုးရသို့ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ JICA, Two Step Loan ချေးငွေစီမံကိန်းမှာ မြန်မာနိုင်ငံ SME ကဏ္ဍအတွက် ထုတ်ချေးသည့် ချေးငွေနှင့် လယ်ယာကဏ္ဍအတွက် ထုတ်ချေးသည့် Two Step Loan ဟူ၍နှစ်မျိုးရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သည့်ချေးငွေမှာ လယ်ယာကဏ္ဍအတွက်ထုတ်ချေးသည့် Agriculture and Rural Development Two Step Loan (စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ) အမျိုးအစားဖြစ်ပါသည်။

JICA, Two Step Loan ချေးငွေစီမံကိန်းကို တောင်သူများ ကာလရှည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာချေးငွေများ အလွယ်တကူရရှိစေရန်၊ ချေးငွေများထုတ်ချေးပေးခြင်းဖြင့် လယ်ယာကဏ္ဍနှင့် လယ်ယာကိုအခြေခံသော စီးပွားရေးကဏ္ဍတို့၏ ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသနှင့် မြို့ပြဒေသ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA, Two Step Loan) အစီအစဉ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက် (၃) ရပ်အနက် " စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဆိုသည့် ဦးတည်ချက်နှင့် လွန်စွာမှ ကိုက်ညီသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

**စီမံကိန်းဖြစ်ပေါ်လာပုံ**

မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအနက် မြန်မာနိုင်ငံ၏ ကျေးလက်နေတောင်သူလယ်သမားများ၏ လူမှုဘဝတိုးတက်မြင့်မားစေရေးနှင့် မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် JICA, Two Step Loan စီမံကိန်းဖြစ်ပေါ်ရန်အတွက် JICA က ကွင်းဆင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ နှစ်နိုင်ငံစာချုပ်များ ချုပ်ဆိုခြင်း စသည့်စီမံကိန်းဆိုင်ရာအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) စီမံကိန်းအတွက် JICA က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအချို့သို့ ကွင်းဆင်းပြီး Preparatory Survey ဆောင်ရွက်ခဲ့ပါသည်။

(ခ) ၂၀၁၆ ခုနှစ် မတ်လမှ ဇူလိုင်လအတွင်း JICA Head Office, Japan မှ Mr. Hiroaki Imai (Assistance Director, Southeast Asia & Pacific Department) ဦးဆောင်သော အဖွဲ့သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဘဏ်၏ချေးငွေမူဝါဒဆိုင်ရာ မေးခွန်းများမေးမြန်းခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်း၊ အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်းများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

(ဂ) ၈-၇-၂၀၁၆ နေ့မှ ၁၁-၇-၂၀၁၆ နေ့ကာလအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ငွေတိုက်ဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့နှင့် JICA တာဝန်ရှိသူတို့ အကြိမ်ကြိမ်ဆွေးနွေးပြီး JICA Project Facts Finding Mission (Appraisal Mission) အဖွဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ စေလွှတ်ခဲ့ပါသည်။

(ဃ) Appraisal Mission အဖွဲ့ကပြုစုသည့် Minutes of Discussions (MD) အား မြန်မာနိုင်ငံအစိုးရဘက်မှ ငွေတိုက်ဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံအစိုးရဘက်မှ JICA တို့ ၂၉-၇-၂၀၁၆ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။




(င) JICA, Two Step Loan စီမံကိန်းအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့၌ အတည်ပြုခဲ့ပါသည်။

**ချေးငွေပမာဏ၊ အတိုးနှုန်း၊ သက်တမ်းနှင့် ချေးငွေလုပ်ငန်းအမျိုးအစားများ**

(က) ချေးငွေပမာဏဂျပန်ယန်း ၁၅၁၃၅ သန်း၊ မြန်မာငွေကျပ် ၂၀၀၀၀၀ သန်းခန့်၊

(ခ) ချေးငွေသက်တမ်း- ၄၀ နှစ် (ဆိုင်းငံ့- ၁၀နှစ်၊ ပြန်ဆပ်- ၃၀နှစ်)၊

(ဂ) ချေးငွေရယူမည့်တောင်သူသည် စက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို စုဆောင်းငွေ (အပ်ငွေ) အဖြစ် ဘဏ်တွင် အပ်နှံထားရမည်ဖြစ်ပြီး အပ်ငွေအပေါ် ငါးရာခိုင်နှုန်းအတိုး ဘဏ်မှ ပြန်ပေးပါသည်။

(ဃ) တောင်သူများသို့ချေးငွေထုတ်ချေးခြင်း

- (၁) ချေးငွေအတိုးနှုန်း ၅ ရာခိုင်နှုန်း၊
- (၂) ချေးငွေသက်တမ်း သုံးနှစ်၊ ငါးနှစ်၊
- (၃) ချေးငွေပမာဏ
  - (ကက) တစ်ဦးချင်း ကျပ်သိန်း (၇၀၀)ထိ၊
  - (ခခ) အစုအဖွဲ့အလိုက် ကျပ်သိန်း (၅၀၀၀)ထိ၊
- (၄) ထုတ်ချေးမည့်လုပ်ငန်း အမျိုးအစားများ
  - (ကက) **နှစ်တိုချေးငွေ(၃နှစ်)**
    လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး (ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်မှအပ)
  - (ခခ) **နှစ်ရှည်ချေးငွေ(၅နှစ်)**
    ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဆန်စက်၊ ဆီစက်၊ ဂိုဒေါင်၊ အစာစပ်စက်ရုံ၊ ဆီသွပ်စက်ရုံ စသည့်စက်ရုံများ၊ အခြောက်ခံစက် (Dryer)၊ သိုလှောင်ရုံ (Silo)၊ လယ်ယာသုံးထရပ်ကား (Farm Truck) စသည်....

**လက်ရှိ JICA, Two Step Loan ချေးငွေထုတ်ချေးထားမှုအခြေအနေ**

စီမံကိန်းစတင်သည့် ၂၁-၁-၂၀၁၇ ရက်နေ့မှ ၂၀-၉-၂၀၂၂ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများသို့ လယ်ယာကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများကို JICA, Two Step Loan ချေးငွေအဓိကဖြင့် ထုတ်ချေးထားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး | ၁၄ | ခု |
| (ခ) | မြို့နယ်ပေါင်း | ၁၈၇ | မြို့နယ် |
| (ဂ) | တောင်သူပေါင်း | ၅၅၉၂ | ဦး |
| (ဃ) | စက်စီးရေ | ၅၅၉၂ | စီး |
| (င) | ချေးငွေပမာဏ(ကျပ်) | ၂၃၀၉၄၇.၄၃၈ | သန်း |

စာမျက်နှာ ၂၃ သို့ ✧

**❝JICA, Two Step Loan ချေးငွေသည် တောင်သူလယ်သမားများအတွက်သာမက မြန်မာနိုင်ငံအတွင်း လယ်ယာသုံးစက်ကိရိယာများရောင်းချနေသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီ၊ လုပ်ငန်းများနှင့် အဆိုပါလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူဝန်ထမ်းများအတွက်လည်း အကျိုးရှိစေသည့်အစီအစဉ်၊ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ဆောင်ပေးနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ စက်ကိရိယာရောင်းချသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီများအနေဖြင့်လည်း အရည်အသွေးကောင်းမွန်သောစက်ကိရိယာများ ရောင်းချပေးရေး၊ စက်အပိုပစ္စည်းများ အလွယ်တကူရရှိနိုင်ရေး၊ စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှုသင်တန်းများပေးရေး၊ After Sale Services ကို အကောင်းဆုံးဆောင်ရွက်ပေးရေးတို့အား စေတနာထား၍ ဆောင်ရွက်ကြရန်လိုအပ်❞**

✧ စာမျက်နှာ ၂၂ မှ

ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ထုတ်ချေးထားမှုအခြေအနေဇယားချုပ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

**JICA,Two Step Loan အစီအစဉ်ဖြင့် ၂၁-၇-၂၀၁၇ ရက်နေ့မှ ၂၀-၉-၂၀၂၂ ရက်နေ့အထိ ချေးငွေထုတ်ချေးထားရှိမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် အရေ အတွက် | တောင်သူ ဦးရေ | ထွန်စက်ကြီး | ရိတ်သိမ်းခြွေလှေ့စက် | ထော်လာဂျီ | လက်တွန်း ထွန်စက် | ဆန် စက် | ကောက်စိုက်စက် | အခြောက်ခံစက် | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | စက်လုံးရေ | စက်လုံးရေ | စက်လုံးရေ | စက်လုံးရေ | စက်လုံးရေ | စက်လုံးရေ | စက်လုံးရေ | စက်လုံးရေ | ငွေ (ကျပ်သန်း) |
| ၁ | နေပြည်တော် | ၄ | ၁၃၇ | ၉၁ | ၃၈ | ၈ | | | | | ၁၃၇ | ၅၂၇၀.၁၇၃ |
| ၂ | ကချင် | ၅ | ၁၀၇ | ၈၂ | ၂၅ | | | | | | ၁၀၈ | ၄၂၇၁.၇၃၈ |
| ၃ | ကယား | ၁ | ၁၃၈ | ၁၁၁ | ၂၇ | | | | | | ၁၃၈ | ၅၉၈၂.၀၅၀ |
| ၄ | ကရင် | ၃ | ၁၁ | ၃ | ၈ | | | | | | ၁၁ | ၅၀၆.၀၀၀ |
| ၅ | စစ်ကိုင်း | ၃၀ | ၃၉၇ | ၂၃၂ | ၁၆၂ | ၂ | ၁ | | | | ၃၉၇ | ၁၆၃၈၉.၈၈၈ |
| ၆ | တနင်္သာရီ | ၆ | ၇၀ | ၂၇ | ၄၃ | | | | | | ၇၀ | ၃၂၄၅.၇၅၀ |
| ၇ | ပဲခူး | ၂၈ | ၁၃၈၃ | ၅၆၃ | ၇၄၂ | ၇၅ | ၂ | ၁ | | | ၁၃၈၃ | ၅၇၀၃၈.၇၄၂ |
| ၈ | မကွေး | ၂၂ | ၂၃၉ | ၂၀၃ | ၃၅ | ၁ | | | | | ၂၃၉ | ၉၃၁၆.၂၆၃ |
| ၉ | မန္တလေး | ၂၂ | ၆၆၆ | ၄၂၃ | ၁၅၁ | ၉၁ | | | | ၁ | ၆၆၆ | ၂၃၅၅၃.၇၁၅ |
| ၁၀ | မွန် | ၁၀ | ၂၁၇ | ၆၃ | ၁၄၀ | | ၁၃ | | ၁ | | ၂၁၇ | ၉၁၈၃.၆၃၁ |
| ၁၁ | ရခိုင် | ၇ | ၃၅ | ၂ | ၃၂ | | | ၁ | | | ၃၅ | ၁၅၈၅.၇၂၀ |
| ၁၂ | ရန်ကုန် | ၁၂ | ၄၄၀ | ၁၃၁ | ၃၀၃ | ၅ | | | | ၁ | ၄၄၄ | ၁၉၆၈၉.၃၀၀ |
| ၁၃ | ရှမ်း(၁+၂) | ၁၁ | ၄၃၃ | ၃၇၃ | ၃၈ | ၁၄ | ၇ | | | ၁ | ၄၃၃ | ၁၈၂၁၆.၇၄၁ |
| ၁၄ | ဧရာဝတီ | ၂၆ | ၁၃၁၄ | ၃၇၁ | ၉၁၈ | ၁၉ | ၅ | | ၁ | | ၁၃၁၄ | ၅၆၆၉၇.၇၂၇ |
| | **စုစုပေါင်း** | ၁၈၇ | ၅၅၈၇ | ၂၆၇၅ | ၂၆၆၂ | ၂၁၅ | ၂၈ | ၂ | ၂ | ၃ | ၅၅၉၂ | ၂၃၀၉၄၉၇.၄၃၈ |

JICA ထံမှ ရယူသည့် ချေးငွေကျပ် ၁၉၇ ဒသမ ၇ ဘီလီယံအား ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အားလုံးရယူပြီး တောင်သူလယ်သမားများ ထံသို့ ထုတ်ချေးထားပြီးဖြစ်ပါသည်။ ချေးငွေရယူထားသည့် တောင်သူ များက တစ်နှစ်တစ်ကြိမ် အရစ်ကျပြန်လည်ပေးဆပ်သည့်အရင်းငွေ များကို Revolving Fund (လှည့်ပတ်ရန်ပုံငွေ) အဖြစ် ဘဏ်တွင် စုဆောင်းထားပြီး JICA, TSL ချေးငွေသစ် လျှောက်ထား၍ တင်ပြလာ သည့် တောင်သူများအား ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက် များနှင့်အညီ စိစစ်ထုတ်ချေးလျက်ရှိပါသည်။ နှစ် ၄၀ အထိ ရယူ အသုံးပြုနိုင်သည့် နှစ်ရှည်ချေးငွေဖြစ်သည့်အတွက်လည်း မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ တောင်သူဦးကြီးများထံသို့ ငါးနှစ်တစ်ကြိမ်ဖြင့် အနည်း ဆုံး ရှစ်ကြိမ်အထိ လှည့်လည်အသုံးပြုနိုင်မည့် ထိရောက်အကျိုးရှိသည့် ချေးငွေဖြစ်ပါသည်။

JICA, TSL အား ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် ဦးဆောင်ကော်မတီ၊ စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ (PMU)၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ချေးငွေအကြံပေးအဖွဲ့ အဆင့်ဆင့်အား ဖွဲ့စည်းပြီး စနစ်တကျ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

JICA, Two Step Loan ချေးငွေကြောင့် တောင်သူလယ်သမားများ နှင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအတွက် အောက်ပါအကျိုးကျေးဇူး များ ရရှိစေပါသည်-

(က) တောင်သူလယ်သမားအတွက်သာ ရည်ရွယ်ဆောင်ရွက် ပေးသည့်စီမံကိန်းဖြစ်ပါသည်။

(ခ) တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းသာ ပေးဆောင်ရ သဖြင့် အတိုးနှုန်းသက်သာသောချေးငွေဖြစ်ပါသည်။

(ဂ) တောင်သူများအနေဖြင့် ၎င်းတို့အမည်ပေါက်ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) မူရင်း၊ ၃၀ ရာခိုင်နှုန်းစုဆောင်းငွေ၊ အာမခံသူနှစ်ဦးတို့၏ အာမခံ ချက်ဖြင့် ချေးငွေရယူနိုင်ပါသည်။

(ဃ) တောင်သူများက ချေးငွေပြန်လည်ပေးဆပ်ရာတွင် တလုံး တခဲတည်း ပြန်ဆပ်ရန်မလိုဘဲ တစ်နှစ်တစ်ကြိမ် အရစ်ကျ ပြန်လည်ပေးဆပ်ရခြင်းဖြစ်သဖြင့် ချေးငွေအတွက်ဝန်ထုပ် ဝန်ပိုးနည်းပါးစေပါသည်။

(င) တောင်သူအနေဖြင့် JICA, TSL ချေးငွေဖြင့် မိမိအကျိုးကို သာမက မိမိရပ်ရွာဒေသနေ ဘဝတူတောင်သူများ၏အကျိုး ကိုပါ ကူညီဆောင်ရွက်ပေးနိုင်သည့် အတ္တ၊ ပရမ္မတအကျိုး ရှိသောချေးငွေဖြစ်ပါသည်။

(စ) လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေပါသည်။

JICA, Two Step Loan ချေးငွေသည် တောင်သူလယ်သမားများ အတွက်သာမက မြန်မာနိုင်ငံအတွင်း လယ်ယာသုံးစက်ကိရိယာများ ရောင်းချနေသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီ၊ လုပ်ငန်းများနှင့် အဆိုပါ လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူဝန်ထမ်းများအတွက်လည်း အကျိုးရှိ

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA, Two Step Loan) ဖြင့် တောင်သူလယ်သမားများကို ရောင်းချလျက်ရှိသောလယ်ယာသုံးစက်ကိရိယာများ



စေသည့် အစီအစဉ်၊ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ဆောင်ပေးနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ စက်ကိရိယာ ရောင်းချသည့်လုပ်ငန်းရှင်၊ ကုမ္ပဏီများအနေဖြင့်လည်း အရည်အသွေး ကောင်းမွန်သောစက်ကိရိယာများ ရောင်းချပေးရေး၊ စက်အပိုပစ္စည်း များ အလွယ်တကူရရှိနိုင်ရေး၊ စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု သင်တန်းများပေးရေး၊ After Sale Services ကို အကောင်းဆုံး ဆောင်ရွက်ပေးရေးတို့အား စေတနာထား၍ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

JICA, TSL ချေးငွေရယူလိုသူ တောင်သူများအနေဖြင့် JICA, TSL ချေးငွေရယူလိုပါက တောင်သူ၏ အမည်ပေါက်မြေပိုင်ဆိုင်မှု (ဂရန်မြေ သို့မဟုတ် လယ်ယာမြေ) ၃၀ ရာခိုင်နှုန်းစုဆောင်းငွေ၊ ဝင်ငွေတိုးတက် ရှာဖွေနိုင်မှု၊ ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းတို့ကို ကြိုတင်တွက်ချက် ပြင်ဆင်စဉ်းစားပြီး အောက်ပါအချက်များနှင့်အတူ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများတွင် ချေးငွေလျှောက်ထားရယူနိုင်မည်ဖြစ်ပါသည်-

(က) တောင်သူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ခ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဂ) ငွေစုစာအုပ်မိတ္တူ

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မိတ္တူနှင့် ပုံစံ (၁၀၅) မိတ္တူ

(င) ပူးတွဲအာမခံသူနှစ်ဦး

(စ) ချေးငွေအဆိုပြုသူတောင်သူ၏ သုံးနှစ်အတွင်း ဝင်ငွေနှင့် အသုံးစရိတ်မှတ်တမ်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နှစ်ဆင့်ချေးငွေ (JICA, Two Step Loan) စီမံကိန်းသည် ၂၀၁၇ ခုနှစ်မှ ၂၀၅၇ ခုနှစ်အထိ နှစ် (၄၀) နှစ်ချုပ် အသုံးပြုနိုင်သည့် အတိုးနှုန်းသက်သာသော စီမံကိန်းတစ်ခုဖြစ်ပါ သည်။ JICA, TSL စီမံကိန်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူ များနှင့် လယ်ယာကဏ္ဍအတွက် များစွာထိရောက်အကျိုးရှိစေသည့် စီမံကိန်းဖြစ်သဖြင့် JICA, Two Step Loan စီမံကိန်း ရေရှည်တည်တံ့ (Sustainable) အောင်မြင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၊ တောင်သူများနှင့် လယ်ယာစီးပွားလုပ်ငန်း ဆောင်ရွက်နေကြ သည့်ကုမ္ပဏီ၊ လုပ်ငန်းရှင်များအားလုံး စနစ်တကျထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်တစ်ဝန်းလုံးမှ လုပ်ကိုင်နိုင်စွမ်းရှိသည့် တောင်သူဦးကြီးများအနေဖြင့်လည်း JICA, Two Step Loan ဆိုင်ရာ သိလိုသည်များ၊ ချေးငွေရယူလျှောက်ထား ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဘဏ်ခွဲများသို့ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ပါကြောင်း အသိပေး တိုက်တွန်းအပ်ပါသည်။ ။

## အနုပညာ

# ပန်းပုဆရာ တစ်ယောက် အဖြစ် ခြေလှမ်း စလာတဲ့ ဘရက်ပစ်



ဟောလိဝုဒ်မင်းသား ဘရက်ပစ်ဟာ လတ်တလောမှာ သူထုလုပ်ထားတဲ့ ပန်းပုလက်ရာတွေကို ထုတ်ဖော်ပြသကာ အနုပညာလမ်းကြောင်းသစ်တစ်ခုကို စတင်ခြေလှမ်းလာတာ ဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၅၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရက်ပစ်ရဲ့ လက်ရာ ပန်းပုရုပ်တွေကို ဖင်လန်နိုင်ငံ တမ်ပါမြို့မှာရှိတဲ့ ဆာရာ ဟစ်ဒန်းအနုပညာပြခန်းမှာ ယခုသီတင်းပတ်အကုန်က ပြသခဲ့တာပါ။ သူ့ရဲ့လက်ရာ ကိုးခုကို အဆိုပါပြခန်းမှာ ပြသထားပြီး ဒီလက်ရာတွေဟာ သူ့ရဲ့ဘဝကို ထင်ဟပ်နေကြောင်းလည်း ဘရက်ပစ်က ဆိုပါတယ်။ သူ့ဘဝကို ထင်ဟပ်ထားတဲ့ အဆိုပါ ပန်းပုလက်ရာတွေမှာ သူ့ရဲ့ဆုံးဖြတ်ချက်မှားယွင်းခဲ့မှုတွေကိုလည်း တွေ့မြင်ခံစားနိုင်မှာဖြစ်တယ်လို့ ဘရက်ပစ်က ဆိုပါတယ်။

## KARA တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည်

တောင်ကိုရီးယား အမျိုးသမီး တေးဂီတအဖွဲ့ KARA ဟာ အဖွဲ့တည်ထောင်ခြင်း (၁၅)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှာဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေ ထွက်ပေါ်ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

KARA အဖွဲ့ရဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်ပြုလုပ်ဖို့ရာ အဖွဲ့ဝင်တွေ ပြန်လည်ဆုံဆည်းမှာ ဖြစ်ကြောင်း ပြီးခဲ့တဲ့ ဇွန်လအတွင်း အေဂျင်စီဘက်က အသိပေးခဲ့ပြီးဖြစ်ပါတယ်။ စက်တင်ဘာ ၁၉ ရက်မှာတော့ အဖွဲ့ရဲ့ နှစ်ပတ်လည်မှာ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှာဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့တာ ဖြစ်ပါတယ်။

အဖွဲ့နှစ်ပတ်လည်အဖြစ် အဖွဲ့ဝင်တွေ ပြန်လည်တွေ့ဆုံကာ ပရိသတ်တွေ အပေါ်ထားရှိတဲ့ သူတို့ရဲ့ နွေးထွေးတဲ့ ချစ်ခြင်းတွေကိုအဆိုပါတေးအယ်လ်ဘမ်သစ်မှာ တွေ့မြင်ရမှာဖြစ်တယ်လို့ သိရပါတယ်။ ယင်းတေးအယ်လ်ဘမ်ကို လာမယ့် နိုဝင်ဘာလအတွင်း ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

၂၀၀၇ ခုနှစ်အတွင်း စတင်ပွဲဦးထွက်ခဲ့တဲ့ KARA ဟာ တေးဂီတ သက်တမ်းတစ်လျှောက် အောင်မြင်တဲ့ တေးသီချင်းများစွာ ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ အဖွဲ့ရဲ့ ခုနစ်ခုမြောက် တေးအယ်လ်ဘမ် In Love ပြီးနောက် အဖွဲ့လိုက် တေးသီချင်းတွေ ထုတ်လွှင့်နိုင်ခဲ့ခြင်း မရှိဘဲ မကြာမီ တေးအယ်လ်ဘမ်သစ် ပြန်လည်ထုတ်လွှင့်မှာလည်း ဖြစ်ပါတယ်။

## ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ကန်ဟာနူးနဲ့အတူ တွေ့မြင်ရမယ့် ဟာဂျီဝန်




တောင်ကိုရီးယား မင်းသမီး ဟာဂျီဝန်ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲကို KBS ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်မှာဖြစ်ပါတယ်။ Curtain Call: Trees Die on Their Feet လို့ အမည်ပေးထားပြီး ယင်းဇာတ်လမ်းတွဲမှာ ဟာဂျီဝန်ကို ဟိုတယ်မန်နေဂျာ တစ်ဦးအဖြစ် တွေ့မြင်ရမှာပါ။ အဆိုပါ ဇာတ်လမ်းတွဲမှာ သူဟာ မင်းသား ကန်ဟာနူးနဲ့ တွဲဖက်သရုပ်ဆောင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ မြောက်ကိုရီးယားမှာ နေထိုင်ပြီး အသက်ရှင်ကျန်ဖို့ရာ အချိန်များစွာ မကျန်တော့တဲ့ အမျိုးသမီးကြီးတစ်ဦးနဲ့ သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးလိုတဲ့ ပြဇာတ်သရုပ်ဆောင် တစ်ဦးတို့ အကြောင်းကို ပုံဖော်ထားတာပါ။

ဟာဂျီဝန် ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ချမ်းသာသူတစ်ဦး ဖြစ်ပြီး ဟိုတယ်မန်နေဂျာအဖြစ် ဆောင်ရွက်နေပေမယ့် ဟိုတယ်အမွေ ဆက်ခံမယ့်သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ အလုပ်မှာ အောင်မြင်မှု ရရှိနေတဲ့ အမျိုးသမီးတစ်ဦးဖြစ်တဲ့ အပြင် နွေးထွေးတဲ့ နှလုံးသားရှိတဲ့ ပြည့်စုံသူတစ်ဦး ဖြစ်ပါတယ်။ သူ့ဘဝမှာ အမျိုးသားတစ်ဦးနဲ့ တွေ့ဆုံခဲ့ပြီးနောက် အခက်အခဲ အပြောင်းအလဲတွေနဲ့ တွေ့ကြုံရတာလည်း ဖြစ်ပါတယ်။

ယင်းဇာတ်လမ်းတွဲကို လာမယ့် အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်မှာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

◆ **မြန်မာ့လက်ရွေးစင်မှ**

မြန်မာအသင်းသည် စက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ဟောင်ကောင် လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ယခုနှစ်ကုန်ပိုင်းတွင် ယှဉ်ပြိုင်ရမည့် AFF Cup 2022 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်ပကလပ်များတွင် ကစားနေသူများကို မရွေးချယ်ဘဲ ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြနေသူများဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုခြေစမ်းပွဲတွင် ရလဒ်ပိုင်းထက် ကစားသမားသစ်များ၏ ခြေစွမ်းကို အဓိကစမ်းသပ်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

❍ **နေးရှင်းလိဂ်ပြိုင်ပွဲမှ**

ပွဲထွက်လာခဲ့ကာ ပွဲကစားချိန် ၆၈ မိနစ်မှာရရှိခဲ့တဲ့ တိုက်စစ်မှူး ရာစပါဒိုရီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အီတလီအသင်း အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ အီတလီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ၂၀၁၄ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲအသီးသီးမှာ ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ မှတ်တမ်းဆိုးကိုလည်း ပိုင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲကို ၂၀၁၈ ခုနှစ်တွင် စတင်ကျင်းပခဲ့တာဖြစ်ပြီး ယခု ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ နေးရှင်းလိဂ်ပြိုင်ပွဲမှာ အင်္ဂလန်အသင်းနဲ့ ဆန်မာရီနိုအသင်းတို့ဟာ သွင်းဂိုးမရရှိတဲ့(ပင်နယ်တီ သွင်းဂိုးမပါ)အသင်းတွေအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားနှင့် အာမခံလုပ်ငန်းများဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ကပ္ပတိန်ဝင်းဇော်က နိုင်ငံတကာပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားများ ရပိုင်ခွင့်များတောင်းခံရာတွင် အာမခံစနစ်များအကြောင်းသိရှိပါက အခက်အခဲမရှိ ရပိုင်ခွင့်များတောင်းခံနိုင်သည်ကို ရှင်းလင်းဟောပြောသည်။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်သည် သင်္ဘောသားများ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခြင်း၊ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရမှုအတွက် လျော်ကြေး၊ နစ်နာကြေး ရလိုခြင်းတို့ကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ ၁၄၁-လမ်း၊ အမှတ်- ၆၁ ဟုခေါ်တွင်သော ကွယ်လွန်သူ ဦးသိန်းမြင့်နှင့် ဇနီး ဒေါ်ဖြူဖြူမေတို့ နေထိုင်ပိုင်ဆိုင်ခဲ့သော နေအိမ်အဆောက်အအုံတို့၏ ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများသည် ပျောက်ဆုံးလျက်ရှိသဖြင့် ယင်းစာရွက်စာတမ်းများကို အသုံးပြု၍ ဖော်ပြပါမြေနှင့်အဆောက်အဦအား မိမိတို့ ပိုင်ဆိုင်သယောင် မမှန်မကန် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်းတို့ လုံးဝမပြုလုပ်ကြရန် အလေးအနက် အသိပေးကြေညာချက်**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမိုး [၁၂/တမန(နိုင်)၀၀၁၂၄၁] (ဘ) ဦးမာမက်ယူစွပ် (ခ) ဦးလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ဖော်ပြပါ မြေနှင့်အဆောက်အဦ၏ အမည်ပေါက်ပိုင်ရှင်မှာ မြို့မြေစာရင်းတွင် ဦးသိန်းမြင့် အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးသိန်းမြင့် နှင့် ဒေါ်ဖြူဖြူမေတို့မှ သား(၂)ဦး ထွန်းကားခဲ့ရာ သားကြီးမှာ ကိုသူရဇော်ဖြစ်ပြီး သားငယ်မှာ ကိုအောင်သက်ဇော်တို့ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာမိုးသည် ဦးသိန်းမြင့်နှင့် ဇနီး ဒေါ်ဖြူဖြူမေတို့၏ သားကြီးဖြစ်သူ ကိုသူရဇော်နှင့် တရားဝင်အကြင်လင်မယားအဖြစ် (၁-၂-၂၀၀၀)ခုနှစ်မှစ၍ လက်ထပ်ပေါင်းသင်းခဲ့သလို ယခုအချိန်အထိလည်း လင်မယား ကွာရှင်းပြတ်စဲခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ ကိုသူရဇော်၏ နေထိုင်စားသောက်ရေးအဝဝကို တာဝန်ယူလုပ်ကိုင်ရှာဖွေ ကျွေးမွေးနေသူဖြစ်ကြောင်း ညွှန်ကြားချက်အရ ထပ်ဆင့်သိရှိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာမိုး၏ယောက္ခမများဖြစ်သူ မိခင်ကြီး ဒေါ်ဖြူဖြူမေသည် ၂၀၁၂ ခုနှစ်၊ မတ်လတွင်လည်းကောင်း၊ ဖခင်ကြီး ဦးသိန်းမြင့်သည် (၁၄-၁၂-၂၀၁၆)ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသလို ဒေါ်စန္ဒာမိုး၏ ခင်ပွန်း ကိုသူရဇော်၏ညီဖြစ်သူ ကိုအောင်သက်ဇော်သည်လည်း အိမ်ထောင်မရှိ၊ လူပျိုကြီးအဖြစ် (၂၉-၁၂-၂၀၂၁)ရက်တွင် ကွယ်လွန်ခဲ့ကြောင်းနှင့် ကိုအောင်သက်ဇော်၏ နာရေးကိစ္စအဝဝအတွက် အဝဝကုန်ကျငွေများကိုလည်း ဒေါ်စန္ဒာမိုးကပင် အစစအကုန်အကျခံကာ ဒေါ်စန္ဒာမိုး၏မိသားစုနှင့် ညီမအရင်းဖြစ်သူ ဒေါ်ဥမ္မာမိုးကပင် ဒေါ်စန္ဒာမိုး၏ ညွှန်ကြားချက်အရ အစစကူညီပံ့ပိုးအကုန်အကျခံလုပ်ဆောင်ခဲ့ရသည်ဟုလည်း ညွှန်ကြားချက်အရ သိရပါသည်။

သို့ဖြစ်သည့်အတွက် ဖော်ပြပါမြေကွက်နှင့် အဆောက်အဦအတွက် တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူမှာ ကိုသူရဇော်နှင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်စန္ဒာမိုးတို့သာ အမွေဆက်ခံပိုင်ဆိုင်ကြသူများဖြစ်ပြီး ကိုသူရဇော်မှာ စိတ်ကျန်းမာရေးအခြေအနေအရ လွတ်လပ်စွာပဋိညာဉ်ပြုနိုင်ခြင်း၊ လက်မှတ်ရေးထိုးနိုင်ခြင်း လုံးဝပြုစွမ်းနိုင်သူမဟုတ်ကြောင်းကို ညွှန်ကြားချက်အရ သိရသကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ရန်ကုန်မြို့ စိတ်ကျန်းမာရေးဆေးရုံကြီး၏ ကိုသူရဇော်အား ဆေးကုသလျက်ရှိကြောင်း ဆေးမှတ်တမ်းကိုပြသ၍ တွေ့မြင်ရပြီးဖြစ်ပါသည်။

အထက်ပါအချက်များအရ ဖော်ပြပါမြေနှင့် အိမ်တို့၏ ပိုင်ရေးဆိုင်ခွင့်အဝဝအပါအဝင် ယင်းမြေနှင့် အဆောက်အဦတို့နှင့် စပ်လျဉ်း၍ ငှားရမ်းခြင်း၊ ပြုပြင်ခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း ကိစ္စအရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာမိုး နှင့်သော်လည်းကောင်း၊ ဒေါ်စန္ဒာမိုးမှ မိမိကိုယ်စား လိုအပ်သလို စီမံခန့်ခွဲလုပ်ဆောင်နိုင်ရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာမိုး [၁၂/တမန(နိုင်)၀၀၁၂၄၃]တို့နှင့်သာ ဆက်သွယ်လုပ်ကိုင်ကြရန်လည်း အသိပေးကြေညာအပ်ပါသည်။

အထူးသဖြင့် ကိုသူရဇော်၏ညီဖြစ်သူ ကိုအောင်သက်ဇော် ထိန်းသိမ်းထားသည့် ဖော်ပြပါမြေနှင့်အဆောက်အဦတို့နှင့် စပ်လျဉ်းသည့် ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများကို ကိုအောင်သက်ဇော် ကွယ်လွန်ပြီးနောက်ပိုင်း ထိန်းသိမ်းရယူသွားသူအချို့က ဒေါ်စန္ဒာမိုးကိုယ်တိုင် လာရောက်တောင်းခံလျှင် ပြန်လည်ပေးအပ်မည်ဟုဆိုခဲ့သော်လည်း ဒေါ်စန္ဒာမိုးကိုယ်တိုင် နိုင်ငံရပ်ခြားမှ ခေတ္တပြန်လာပြီးတောင်းခံသည့်အခါတွင် ယင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားကြောင်း ပြောဆိုခဲ့သည့်အတွက်လည်း ယင်းစာရွက်စာတမ်းများကို လက်ဝယ်ရရှိသူ တစ်ဦးတစ်ယောက်က ကျွန်ုပ်တို့ထံဖြစ်စေ၊ သို့မဟုတ် ဒေါ်စန္ဒာမိုး၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်ဥမ္မာမိုးထံဖြစ်စေ အမြန်ဆုံးလာရောက်ပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေနှင့်အဆောက်အဦတို့နှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာမိုးကိုယ်တိုင် နှင့် ဒေါ်စန္ဒာမိုး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဥမ္မာမိုးတို့၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ မြေနှင့်အဆောက်အဦကို ဖြစ်စေ၊ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာကိုဖြစ်စေ၊ အလွဲအသုံးပြုကာ မမှန်မကန် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံ၊ ပေးကမ်းစွန့်လွှတ်ခြင်းနှင့် အမည်ပြောင်းခြင်းတို့ကို လုံးဝမပြုလုပ်ကြပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်ပေးပါရန် ဒေါ်စန္ဒာမိုးမှ ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်သည်ကိုလည်း တစ်ပါတည်း သိစေအပ်ပါသည်။ **ဒေါ်စန္ဒာမိုး၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထွန်းအေး (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၅)**

**ဒေါ်ဆွေဆွေညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၁)**

**ဒေါ်အေးခိုင်ဇင် (စဉ်-၁၀၁၂၄)**
**LL.B, D.B.L, D.I.L**

**ဒေါ်မို့မို့သက်ထား (စဉ်-၁၁၇၇၀)**
**L L.B, D.B.L**

**ဒေါ်သီတာအေးမြ (စဉ်-၁၅၇၅၈)**
**LL.B**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၃၇၅၅၇၃၊ ၀၉-၂၅၀၃၇၅၅၇၂**

## ဦးကျင်ထွေး(မြိတ်)

## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ခြံအမှတ်(F-1)၊ တော်ဝင်လမ်း၊ တော်ဝင်အိမ်ရာနေ (ဒေါ်ရင်ယုံ)၏ခင်ပွန်း၊ ဒေါ်စီစီသက်၊ ဦးမျိုးသက်-ဒေါ်အေးအေးကြွယ်၊ ဒေါ်အေးအေးသက်၊ (ဦးကျော်ဦး)၊ ဦးတင်စိုး၊ ဦးကျော်ရှိန်-ဒေါ်နုရီ၊ ဦးအောင်ကျော်မိုး-ဒေါ်သင်းသင်းမော်၊ ဦးဝင်းနိုင်စိုး-ဒေါ်အေးအေးမော် တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၄-၉-၂၀၂၂ (စနေနေ့) နံနက် ၇:၃၀ နာရီတွင် ရွှေတော်ဝင်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကျန်ရှိသော ရုပ်ကလာပ်ကို ၂၅-၉-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁-၈)မှ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး/ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်မမကြည်

**(လူထုမေတ္တာ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေး)**

## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅၈၅)၊ ပြည်လမ်းနှင့် လမ်းမတော်မြို့နယ်၊ (၇၇၄)၊ မဟာဗန္ဓုလလမ်းနေ (ဦးထွန်းရင်)၏ဇနီး၊ ဒေါ်မြင့်သီတာ[ဌာနမှူး(ငြိမ်း)၊ သတ္တဗေဒဌာန]၊ (ဦးထွန်းလင်း)၊ ဒေါက်တာ ကျော်မင်း-ဒေါ်ခင်ဝါဝါမြင့်(K,လူထုမေတ္တာ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေး)၊ (ဦးထွန်းဝင်း) တို့၏မိခင်၊ မမေမြတ်နိုးမင်း၊ မအေးရတနာမင်းတို့၏အဘွား ဒေါ်မမကြည်သည် ၂၃-၉-၂၀၂၂ (သောကြာနေ့) ညနေ ၄:၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၂၂ (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ၊ ကျောင်း အလှူဒါယကာကြီး

## ဦးကျော်ခင် (ခ) လီဖာ့ယုံ

**ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒအသင်း (နာယက)**

**အိုလံပစ်လက်ဖက်ခြောက်**

## အသက်(၈၂)နှစ်

နမ့်ဆန်မြို့နေ (ဦးပေါ်အိုက်စော-ဒေါ်အဲလိမ်း)တို့၏ တတိယသား၊ မြစ်ကြီးနားမြို့နေ (ဦးသာလွင်-ဒေါ်ရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ် (၉၃-စီ)၊ သံလွင်လမ်းနေ (ဒေါ်ဝေဝေရီ)၏ ချစ်လှစွာသောခင်ပွန်း၊ သားကြီး ဒေါက်တာဇော်လင်းဦး-ဒေါက်တာအိန္ဒြာမင်း၊ သမီးကြီး ဒေါက်တာမိုးသူဇာ၊ သမီးငယ် ကိုရည်ဘုန်း-မဖြူဖြူမာ၊ သားငယ် ကိုဟန်လင်းအောင် တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မခင်မြတ်နိုးဦး၊ မဆောင်းနှင်းဖြူ၊ မကြည်ဖြူမြင့်ဘုန်း၊ မယွန်းမဒီအောင်တို့၏ ချစ်လှစွာသောအဘိုး ဦးကျော်ခင်(ခ)လီဖာ့ယုံ (အိုလံပစ်လက်ဖက်ခြောက်) သည် ၂၀-၉-၂၀၂၂ (အင်္ဂါနေ့) ည ၈:၁၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၉-၂၀၂၂ (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကျန်ရှိသော အရိုးပြာအိုးအား ယူနန်သင်္ချိုင်း၌ ဂူသွင်းမြှုပ်နှံပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ် (၉၃-စီ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း

(MASK) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော

အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်မြင့်မြင့် (ခ) Meni Sein

**မြန်မာကုန်တိုက် (စီးပွား/ကူးသန်း-ငြိမ်း)**

## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၁)၊ ညောင်တန်းလမ်းနေ (ဦးစိန်မောင်-ဒေါ်သောင်းသောင်း) တို့၏ သမီး၊ (ဦးကျော်ဇံ-ဒေါ်သောင်းငွေး) တို့၏သမီးချွေးမ၊ [ဦးလှကြည်(မြန်မာ့ကုန်တိုက်-ငြိမ်း)]၏ဇနီး၊ ကပ္ပတိန်ဦးဇော်လတ်(Instructor.I.M.T M.T.C)-ဒေါ်ခင်သီတာသန်း၊ ဦးကျော်ကျော်-ဒေါ်မျိုးအေးလတ်တို့၏ မွေးသမိခင်၊ မောင်ဟိန်းထက်အောင်(ခေတ္တဂျပန်)၊ မောင်မင်းဘုန်းပြည့် (ခေတ္တ-U.S.A)၊ မသွန်းဆုစံ[G.9 အ.ထ.က(၁)ဒဂုံ]၊ မောင်ကောင်းဆက်အောင် [G.9 အ.ထ.က (၅)ဗိုလ်တထောင်]တို့၏ အဘွား ဒေါ်မြင့်မြင့်သည် ၂၃-၉-၂၀၂၂ ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၅-၉-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီ

**B.Sc (Botany)**

## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၇)၊ (၆)လမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ(ဦးမောင်မောင်-ဒေါ်ရှုရင်) (ဖူးချစ်-ဆေးတိုက်)၏ သမီးကြီး၊ (ဦးသိန်းဝင်း)၊ ဦးစိန်ဝင်း၊ ဦးကျော်ဝင်း၊ ဦးအောင်ဝင်း-ဒေါ်ကေသွယ်စိုး၊ (ဒေါ်မွှေးမွှေး)တို့၏အစ်မကြီး ဒေါ်နီနီသည် ၂၂-၉-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၈နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၂၆-၉-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မဟာဝန်အောက်လမ်းရှိ မြေကွက်အမှတ်-၁၉၇(က)ဟု ခေါ်တွင်သော ဦးဘိုးနီ[၁၂/သကတ(နိုင်)၀၈၆၆၁၆] အမည်ပေါက် (အလျား ၂၀ပေx အနံ ၆၀ပေ) ဧရိယာ (၁၂၀၀) စတုရန်းပေ (၀.၀၂၇၉ဧက) အကျယ်အဝန်းရှိ နှစ်(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေမီးပါ တိုက်ခံပျဉ်ထောင် (၂)ထပ် လူနေအိမ် အဆောက်အအုံ (၁)လုံးနှင့် သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပါ မြေကွက်နှင့် အဆောက်အအုံအားပိုင်ဆိုင်၍ လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ချိုချိုဦး [၁၄/ပတန(နိုင်)၂၁၉၂၀၇]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရဲညွန့် [၁၂/သကတ(နိုင်)၀၇၂၇၃၇]က တန်ဖိုးငွေ၏ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင်သန့် LL.B,D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၁၈)**
**တိုက်-၈၈၊ အခန်း- ၂၀၁၊ ရတနာပုံ (၁)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၀၇၇၃၇၊ ၀၉-၇၉၅၃၅၃၄၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅၅)၊ မြေကွက်အမှတ်-(၁၁၇၄/က)၊ အကျယ်အဝန်း (အလျား ၂၀ပေxအနံ ၆၀ပေ) ရှိဒေါ်ခင်စိမ်း အမည်ပေါက်ပိုင်ဆိုင်ခဲ့သည့် မြေချပါမစ်မြေကွက်အား ယခုလက်ရှိ ရောင်းချသူ ဒေါ်သန်းသန်းငွေး [၁၂/မရက(နိုင်)၀၉၃၄၄၈]မှ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် မိမိတစ်ဦးတည်းဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှုမူရင်းအထောက်အထား စာရွက်စာတမ်းများဖြင့် ယနေ့ ကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်တင်ဝင်း (LL.B)** | **ဦးဇော်မြင့်ထွန်း** |
| **အထက်တန်းရှေ့နေ (စဉ်-၅၀၉၃၆)** | **LL.B, D.B.L, WIPO (Switzerland)** |
| **(၃၀-၄-၂၀၁၉)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၉၂၅)** |
| **အမှတ်(၇၂)၊ ညီညွတ်ရေးလမ်း၊** | **ရုံး-အမှတ် (၈/၃၁၀)၊ နီလာ(၅)လမ်း၊** |
| **သမိုင်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။** | **(၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** |
| **ဖုန်း-၀၉-၂၅၀၀၂၈၅၆၂** | **ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၇၆၃၄၁၂၀၀၂၊၀၉-၄၀၈၉၃၅၀၂** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ် (၄၇၆)၊ ရတနာမိုးလမ်း၊ အကျယ်အဝန်း (အလျား ၆၀ပေx အနံ ၆၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲ မှုဌာနတွင် ဗိုလ်မှူးကြီးရဲအောင် [၃/ဘအန(နိုင်)၀၄၄၄၂၆] အမည်ပေါက် မှတ်သားထားပြီး ယခု အပိုင်ရောင်းချသူ ဦးစံသိန်း [၁၂/အစန(နိုင်)၀၂၃၇၁၅]မှ အဆက်အစပ်စာချုပ် စာတမ်းများဖြင့် ဝယ်ယူ ပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးသန့်(ခ) ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** |
| **LL.B (စဉ်-၁၀၅၇၇)** | **LL.B (စဉ်-၄၂၁၆၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## အထူးဝမ်းနည်းကြေကွဲခြင်း

### မဟာသဒ္ဓမ္မဇောတိကဓဇစည်သူဒေါက်တာခင်မောင်ညွန့်

## အသက်(၉၃)နှစ်

အထက်မြန်မာပြည် နိုင်ငံတကာဆက်ဆံရေးပညာ ဘာသာရပ်ကို ပထမဦးဆုံးစတင်မျိုးစေ့ချ တည်ထောင်ပို့ချပေးခဲ့သော ကျေးဇူးရှင် ဆရာကြီး ပါမောက္ခ/ဌာနမှူး၊ မဟာသဒ္ဓမ္မဇောတိကဓဇစည်သူ အလင်္ကာကျော်စွာ ဒေါက်တာခင်မောင်ညွန့်သည် ၁၅-၉-၂၀၂၂ (ကြာသပတေးနေ့) ညရနာရီတွင် နေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောတသဝမ်းနည်းကြေကွဲရပါသည်။ နိုင်ငံတကာဆက်ဆံရေး ပညာဘာသာရပ်ဖွံ့ဖြိုးတိုးတက်စေရန် တပည့်များအပေါ် စေတနာ မေတ္တာအပြည့်ဖြင့် လမ်းညွှန်ကူညီပေးခဲ့သဖြင့် ဆရာကြီး၏ ကျေးဇူးတရားကို အစဉ်ထာဝရသတိရဂုဏ်ယူ အောက်မေ့နေကြမည်ဖြစ်ပါသည်။ ဆရာကြီး ကောင်းရာသုဂတိရောက်ပါစေလို့ ဆုတောင်းပါသည်။

**နိုင်ငံတကာဆက်ဆံရေးပညာဌာန**
**ရတနာပုံတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း အသင်းဝင်ဖြစ်သော ဒေါက်တာမျိုးသန့်လင်း (43th Batch UDMY Alumnus) အသက် (၃၃)နှစ်သည် ၂၃-၉-၂၀၂၂ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

## ဒေါ်နန်းနော် [၁၃/တကန(နိုင်)၀၅၀၈၈၃]ကိုင်ဆောင်သူ သိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းမြင့် (ဘ)ဦးသန်းနိုင် မှတ်ပုံတင်အမှတ်[၁၂/ရကန(နိုင်)၀၂၂၅၇၀]ကိုင်ဆောင်သူ အမှတ်(၄၃)၊ ဖရဲငွေတောင်လမ်း၊ နယ်မြေ(၁၁)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းမြင့်သည် ဒေါ်နန်းနော် [၁၃/တကန(နိုင်)၀၅၀၈၈၃]ကိုင်ဆောင်သူအမှတ်(၃၁၂)၊ အေးသာယာစက်မှုဇုန်လမ်း၊ (၈) ရပ်ကွက်၊ အေးသာယာမြို့အား (၇-၃-၂၀၂၀) ရက်နေ့၌ အသိသက်သေများ ရှေ့မှောက်တွင် ခေတ္တချေးငွေအဖြစ် ငွေကျပ် ၇,၈၀၀၀၀၀/- (ကျပ် ခုနစ်ဆယ့်ရှစ်သိန်း)ကို ပေးအပ်ခဲ့ပြီး (၇-၆-၂၀၂၀) ရက်နေ့ နောက်ဆုံးထားပြီး ဒေါ်သန်းသန်းမြင့်သို့ ပြန်လည်ပေးဆောင်ရန် ကတိပြုထားသော်လည်း ယနေ့အထိ ပြန်လည်ပေးဆပ်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်မည် ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်-၃၉၀၈/၁၉၈၆)**
**ဖုန်း-၀၉-၂၅၆၅၆၀၈၃၉**

## တိုက်ခန်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအား ဖြည့်စွက်ဖတ်ရှုပါရန်

(၂၃-၉-၂၀၂၂) ရက်နေ့ ကြေးမုံသတင်းစာပါ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် (၁၄)ရှိ (၂)ခန်းတွဲ(၇)ထပ်တိုက်၊ (ခြေရင်းခန်း)ရှိ တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် အမှတ်(၁၄)၊ (၅)လွှာရှိ တိုက်ခန်းဟု ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

**Japan- ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်နေ ဒေါ်တင်တင်အေး [၇/နတလ(နိုင်)၀၀၆၁၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်တင်တင်အေး၏ သားဖြစ်သူ မောင်ပြည့်စုံငွေးဝင်း [၁၄/မအန(နိုင်)၁၉၂၂၄၆]သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိခင်၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိမိသဘောရှိအတိုင်း ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၆၄၆)**
**အမှတ်(၂၀)၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၅၄၀၁၈၅၉၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ၊ မြေကွက်အမှတ် (၄၃၄)၊ ခိုင်သဇင်လမ်း၊ အကျယ်အဝန်း (အလျား ၆၀ပေx အနံ ၆၀ပေ) ရှိ ဗိုလ်ကြီး ဥာဏ်ထွန်းဦး (HBI-၀၀၂၆၆၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ယခု ရောင်းချသူ ဦးသန်းဇော် [၁၂/ဥကမ(နိုင်)၀၄၉၅၉၆] မှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးသန့်(ခ) ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** |
| **LL.B (စဉ်-၁၀၅၇၇)** | **LL.B (စဉ်-၄၂၁၆၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး ဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံး အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့် လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## မြန်မာ့ကုလားပဲအုပ်စုဝင်ပဲများ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်၌ ဈေးကောင်းရရှိ

မန္တလေး စက်တင်ဘာ ၂၄

**မြန်မာ့ထွက်ကုန် ကုလားပဲအုပ်စုဝင်ပဲများ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းများရရှိနေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။**



မန္တလေးဈေးကွက်အတွင်း ကုလားပဲအုပ်စုဝင်ပဲအမျိုးအစားများအနေဖြင့် V2၊ ထိုင်ဝမ်ကုလားပဲ၊ V7၊ 929၊ ဗမာကုလားပဲများဟူ၍ ရှိကြောင်း၊ ဈေးနှုန်းများအနေဖြင့် V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၈၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၃၀၀၀၊ ဗမာကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ ပြည်ပပို့ကုန်ပဲ V7 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင်ပဲအမျိုးအစားတွေ ဈေးကောင်းရရှိနေပါတယ်။ ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက ကုလားပဲဈေးနှုန်းတွေဟာ ကျပ် ၁၁၅၀၀၀ မှ ကျပ် ၁၂၀၀၀၀ ဈေးတွေနဲ့ စခဲ့ပါတယ်။ စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၆၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၀ တွေ့ရှိ**

စာမျက်နှာ » ၁၂

**ပခုက္ကူမြို့၌ ရွှေထည်ပစ္စည်းမျိုးစုံအလေးချိန် ၅၀ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို PDF အကြမ်းဖက်သမား လေးဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်**

စာမျက်နှာ » ၁၅

မျိုးဆက်သစ်မျိုးခင်း

စာမျက်နှာ » ၂၀၊ ၂၁

## မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်း ဒုတိယခြေစမ်းပွဲတွင် သရေကျ



မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက ဟောင်ကောင်၌ ကျင်းပရာ ဂိုးမရှိသရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ပထမခြေစမ်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် ဂိုးမရှိသရေ ကစားနိုင်ခဲ့သည်။

**ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံး**

ပထမပိုင်းတွင် အိမ်ရှင်ဟောင်ကောင်အသင်းက ခြေအသာဖြင့် ဖိကစားနိုင်သော်လည်း အဆုံးသတ်အားနည်းခြင်းနှင့် မြန်မာခံစစ်အမှားနည်းခြင်းတို့ကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာအသင်းအနေဖြင့် ပထမပိုင်းထက် တိုက်စစ်ကစားပုံပိုမိုကောင်းမွန်လာပြီး ဟောင်ကောင်အသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ သို့သော် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ◆

## နေးရှင်းလိဂ်ပြိုင်ပွဲသမိုင်းတွင် ပထမဆုံး တန်းဆင်းရသည့် ဥရောပထိပ်တန်းအသင်းအဖြစ် အင်္ဂလန်အသင်း မှတ်တမ်းဝင်

အင်္ဂလန်အသင်းဟာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်(A)အဆင့်ပြိုင်ပွဲရဲ့ အုပ်စု(၃)မှာ အီတလီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် နေးရှင်းလိဂ်(B)အဆင့်ပြိုင်ပွဲကို တန်းဆင်းခဲ့ရပြီး အဲဒီလို အင်္ဂလန်အသင်း တန်းဆင်းခဲ့ရခြင်းဟာ နေးရှင်းလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံး တန်းဆင်းခဲ့ရတဲ့ ဥရောပထိပ်တန်းအသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အီတလီအသင်းနဲ့ ပွဲစဉ်မှာ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ဟာ နိုင်ပွဲရရှိရေးအတွက် တိုက်စစ်ပိုင်းမှာ ဟယ်ရီကိန်း၊ စတာလင်၊ ဖိုဒန် အပါအဝင် အဓိကကစားသမားအများစုနဲ့ ပွဲထွက်လာခဲ့တာဖြစ်ပြီး အီတလီအသင်းက ဘိုနျူစီ၊ ဂျော်ဂျင်ဟိုအပါအဝင် ကစားသမားအစုံအလင်နဲ့ စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ○